ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး


**နေပြည်တော် ဇွန် ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှု အခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ရှင်းလင်းဆောင်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကံမြင့်သန်းက ဇွန် ၁၃ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆင်းတုတော်ငယ်များ ထုဆစ်နေမှု၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေး လုပ်ငန်းများ တိုးတက်မှု၊ ဆင်းတုတော်ကြီးအား ဆေးသင်္ကန်းကပ်ခြင်းနှင့် လက်မှုအချောထည်များ ထုဆစ်ခြင်း ဆောင်ရွက်နေမှု၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျည်းပင်များ ရှင်သန်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



အောင်ဘာလေ ထီလက်မှတ် **တစ်စောင်** လျှင် **၁၀၀၀ ကျပ်**နှုန်းဖြင့် အွန်လိုင်းမှတစ်ဆင့် ထီထိုးကံစမ်းနိုင်ပါပြီ။
Android နှင့် ios ဖုန်းများအတွက် Aung Bar Lay Application Download ရယူနိုင်သော Link
https://aungbarlay.ird.gov.mm/#/
ဖော်ပြပါ QR Code မှလည်း Scan ဖတ်၍ Aung Bar Lay Application Download ရယူနိုင်ပါပြီ။
KBZPay ၊ AYA PAY ၊ CB Pay ၊ uab pay နှင့် mytelpay များ အသုံးပြု၍ ထီထိုးကံစမ်းနိုင်ပါသည်။

# ကြေးမုံ

## စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုရလဒ်

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇွန်လ ၁၄ ရက်နေ့က ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းသင့်ဒေသများသို့ သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ရှုပ်ရှုပ်ချွံချွံဆောင်ရွက်ခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များအနေဖြင့် ကိုယ်ကျိုးစီးပွားကို လျစ်လျူရှု၍ အနစ်နာခံပြီး အားကြိုးမာန်တက် စေတနာအပြည့်ဖြင့် ဆောင်ရွက်ပေးခဲ့ကြသည့်အတွက် အသိအမှတ်ပြုဂုဏ်ပြုခဲ့သည်။

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့က စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ရာ ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်နှင့် ချင်းပြည်နယ်ရှိ မြို့နယ် လေးမြို့နယ်ကို သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ်ကြေညာပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လျင်လျင်မြန်မြန် ဆောင်ရွက်ပေးခဲ့သည်။ မုန်တိုင်းကြောင့် လူ ၁၄၈ ဦး သေဆုံးခဲ့ပြီး နေအိမ်အဆောက်အအုံများပျက်စီးခဲ့ရာ စုစုပေါင်းဆုံးရှုံးမှု ငွေကျပ် ၅၂၂ ဘီလီယံခန့်ရှိသည်။ မုန်တိုင်းကြောင့် သေဆုံးသူအများစုမှာ အချိန်မီရွှေ့ပြောင်းနိုင်ရန် တာဝန်ရှိသူများ၏ စီမံမှုအပေါ် ငြင်းဆန်ခဲ့မှုများကြောင့် မဖြစ်သင့်သောအသက်သေဆုံးမှုများဖြစ်ခဲ့သည်။

မုန်တိုင်းနှင့်ပတ်သက်၍ အာဆီယံအပါအဝင် နိုင်ငံတကာက ပြင်းထန်၍ ကြီးမားသောဆုံးရှုံးမှုဖြစ်နိုင်သည်ဟု ခန့်မှန်းခဲ့ကြသော်လည်း နိုင်ငံတော်အကြီးအကဲက ဦးဆောင်ကြိုတင်ပြင်ဆင်၍ အမြော်အမြင်ရှိစွာ စီမံဆောင်ရွက်ခဲ့သောကြောင့် အင်အားအလွန့်အလွန်ပြင်းထန်သော်လည်း ထိခိုက်ဆုံးရှုံးနိုင်ခြေကို အနည်းဆုံးသို့ လျှော့ချနိုင်ခဲ့သည်။ လေဖိအားနည်းရပ်ဝန်း စတင်ဖြစ်ပေါ်ခဲ့သည့် မေလ ၆ ရက်နေ့မှစတင်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ပြည်သူများ တစ်ဦးတစ်ယောက်မျှမကျန် ဘေးအန္တရာယ်ကင်းရှင်းစေရန် ပြင်ဆင်စုဖွဲ့မှုများ၊ မိုးလေဝသသတင်းများ အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်မှုများ၊ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၏တိုင်းထွာချက်များအရ သက်ဆိုင်ရာအဖွဲ့အစည်းများပူးပေါင်းကာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ သတ်မှတ်ချိန်ထက်စော၍ မုန်တိုင်းအဆင့် အနီရောင်သတ်မှတ်ချက်ကို ကြေညာခဲ့သဖြင့် အချိန်စောစွာ ရွှေ့ပြောင်းပေးနိုင်ခဲ့သောကြောင့် ထိခိုက်သေဆုံးဆုံးရှုံးမှုများ အနည်းဆုံးအခြေအနေသို့လျှော့ချနိုင်ခဲ့သည်။ မုန်တိုင်းလွန်ကာလတွင်လည်း ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောလျင်ထိရောက်စွာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာတာဝန်ရှိသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ အားတက်သရော ပါဝင်ကူညီကြသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များအား အလျဉ်းသင့်သလို ဂုဏ်ပြုပေးရန် နိုင်ငံတော်အကြီးအကဲက မှာကြားခဲ့သည်။

မြန်မာနိုင်ငံတွင် တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီသည့် အလေ့အထများရှိကြပြီး အထူးသဖြင့် ပြည်သူများ အတိဒုက္ခရောက်နေချိန်တွင် အားလုံးတူညီစိတ်ထားဖြင့် ကိုယ်ကျိုးစွန့်အနစ်နာခံ၍ အနေအစားဆင်းရဲစွာဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြသည်။ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်ရာတွင် မုန်တိုင်းမဖြစ်မီ၊ ဖြစ်ပေါ်စဉ်၊ ဖြစ်ပေါ်ပြီး ကာလသုံးခုစလုံးတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများ အားတက်သရော စွန့်စွန့်စားစား အနစ်နာခံကာ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ စွမ်းစွမ်းတမံ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် မုန်တိုင်းတိုက်ခတ်ပြီး ပျက်စီးဆုံးရှုံးမှုမြင်ကွင်းများနှင့် တစ်လပြည့်ပြီးကာလ မြင်ကွင်းများမှာ သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံတော်၏စီမံဆောင်ရွက်မှုများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖော်ပြပါအဖွဲ့အစည်းများနှင့်အတူ မြို့တွင်းနှင့် ရပ်ကွက်အလိုက် ဒေသခံပြည်သူများလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုများအား အသိအမှတ်ပြုရမည်ဖြစ်သည်။ ဒေသအကျိုးကို ဆောင်ရွက်ရာတွင် ပြည်သူသည် ထာဝရ၊ ဝန်ထမ်းသည် တစ်ခဏသာဖြစ်၍ မိမိရပ်ရွာအကျိုးကို မိမိတို့ကိုယ်တိုင် နိုင်ငံတစ်ဝန်းလုံးအနေဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဟူသော ဆိုစကားနှင့်အညီ မြန်မာပြည်သားအားလုံး စည်းလုံးညီညွတ်မှုနှင့် စေတနာသန့်ရှင်းသည့် ကောင်းမွန်သောပူးပေါင်းလက်တွဲဆောင်ရွက်နိုင်မှုများကြောင့် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ပြင်ဆင်ဆောင်ရွက်နိုင်သကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း လျင်လျင်မြန်မြန်ဆောင်ရွက်နိုင်မှုများသည် စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအကျိုးရလဒ်များပင်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပင်လုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ နီလာမြင့် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ညောင်တုန်းမြို့နယ်၌ လယ်ယာမြေဥပဒေ အသိပညာပေး ဆွေးနွေး



**ညောင်တုန်း ဇွန် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေး**

ရှေးဦးစွာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးနှင့် အတွင်းရေးမှူး ဦးလှမျိုးတို့က လယ်ယာမြေ လုပ်ပိုင်ခွင့်ရသူများ၏ အခွင့်အရေး၊ လိုက်နာရမည့်စည်းကမ်းချက်များ၊ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားဖြေရှင်းခြင်းနှင့် အယူခံခြင်းစသည့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ဆွေးနွေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဇလွန်၌ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ



**ဇလွန် ဇွန် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မြေဆီလွှာအတွင်းထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် လမ်းမတော်တောင်ရပ်ကွက် ဒိုက်အင်းကျေးရွာ တောင်သူ ဦးလှရွှေ၏ လယ်မြေ ခုနစ်ဧက၌ ကျင်းပသည်။

ဦးစွာ ပိုက်ဆံလျှော်ထည့်သွင်းစိုက်ပျိုးခြင်း အကျိုးကျေးဇူးများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်ကျော်စိုးက တောင်သူများအား အသိပညာပေးပြောကြားပြီး Kubota – 47 နောက်တွဲကိရိယာ Rotavator ဖြင့် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်)ထည့်သွင်းခြင်း ကွင်းသရုပ်ပြခဲ့ကြောင်း သိရသည်။

**ဇလွန်(ပြန်/ဆက်)**

သင့်စီးပွားရေး လုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၅-၆-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၄၀၅ | ၃,၂၄၀,၀၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၅၀ | ၄,၂၈၄ | ၁၂,၄၂၄,၉၀၀ |
| MCB | ၇,၂၀၀ | ၇,၃၀၀ | ၃၆၃ | ၂,၆၄၄,၉၀၀ |
| FPB | ၁,၄၅၀ | ၁,၄၅၀ | ၄,၀၉၈ | ၅,၉၆၇,၁၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၁၀၀ | ၂၄၀,၀၀၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၁ | ၂,၄၅၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၂၁၂ | ၁,၀၁၇,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် – ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❂ ရှေ့ဖုံးမှ

အလုပ်ကနုတ်များအား Mobile CNCဖြင့် ထုဆစ်၍ ပလ္လင်တော်တွင် တပ်ဆင်မှုနှင့် အပတ်စဉ် လုပ်ငန်းတိုးတက်မှု အခြေအနေများကိုလည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဗုဒ္ဓဥယျာဉ်အတွင်း သာသနိက အဆောက်အအုံများ၊ ရေပန်းရင်ပြင်၊ ရင်ပြင်တော်၊ ဂန္ဓကုဋိတိုက်၊ မုစလိန္ဒအိုင်နှင့် နဂါးရုံဘုရားတည်ဆောက်ခြင်း၊ သာသနာ့ဗိမာန်တည်ဆောက်ခြင်းနှင့် ကျောက်စာရုံစေတီများ တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်ပြီးစီးမှု၊ တံခွန်တိုင် တည်ဆောက်နေမှု၊ ဂန္ဓကုဋိတိုက်များ တည်ဆောက်ပြီးစီးမှု၊ မဟာဗောဓိညောင်ပင် ရှင်သန်ဖြစ်ထွန်းမှု၊ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ပြီးစီးမှု၊ သုဓမ္မာဇရပ်များ တည်ဆောက်ပြီးစီးမှု၊ ရေပန်းရင်ပြင် တည်ဆောက်ပြီးစီးမှု၊ ကျောက်စာရုံစေတီတော်များ တည်ဆောက်ပြီးစီးမှု၊ နဂါးရုံဘုရားနှင့် မုစလိန္ဒအိုင် တည်ဆောက်ပြီးစီးမှုနှင့် ကျည်းပင်များ ရှင်သန်ဖြစ်ထွန်းနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှု ဖြစ်စေရန်** စသည့် ရည်ရွယ်ချက်(၄)ရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ စကျင်ကျောက်တော်ကြီး တည်ရှိရာ မတ္တရာမြို့နယ် စကျင်တောင်မှ ဆီမီးခုံဆိပ်ကမ်းအထိ ရေလမ်းကြောင်းဖြင့်လည်းကောင်း၊ ၎င်းမှ တစ်ဆင့် မန္တလေး-ရန်ကုန် အမြန်လမ်းအတိုင်း နေပြည်တော်သို့ Modular Trailer များဖြင့်လည်းကောင်း အခက်အခဲများစွာကြားမှ ပင့်ဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နေပြည်တော်သို့ ရောက်ရှိလာသည့် ကျောက်တုံးတော်ကြီးများကို အဆင့်မြင့်နည်းပညာဖြစ်သည့် CNC Machine များဖြင့် ပုံဖော်ထုဆစ်ခြင်း လုပ်ငန်းများကို ကျွမ်းကျင်ပညာရှင်များ၊ ခေတ်မီစက်ကိရိယာများဖြင့် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

### ၉၇ ရာခိုင်နှုန်းပြီးစီး

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးကို ဇန်နဝါရီ ၂၆ ရက် မင်္ဂလာအချိန်တွင် ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင်လည်း ဦးဆောင်ဘုရားဒါယကာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ခုနစ်ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြုလှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာဌာပနာတော် ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားများကို ဇန်နဝါရီ ၂၇ ရက်နှင့် ဖေဖော်ဝါရီ ၁၀ ရက်တို့တွင် အောင်မြင်စွာ ပြုလုပ်ပြီးစီးခဲ့ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှ ဌာပနာတော်ကုသိုလ်ရှင်များ၊ ပြည်သူပြည်သားများအားလုံး ဝမ်းမြောက်နှမော်သာဓု ခေါ်ဆိုခဲ့ကြကြောင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် ဆင်းတုတော်အပိုင်း ၄ ကို ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် ယခုအခါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်မှုမှာ ၉၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း။

ထိုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီး ထုဆစ်နေသည့်နည်းတူ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ ကျင်းပပြုလုပ်နိုင်မည့် သံဃာအပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သော သာသနာ့ဗိမာန်တော်ကြီးအပါအဝင် အခြားသော သာသနိက အဆောက်အအုံများစွာကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိကြောင်း၊ ထို့ပြင် ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါသိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ တည်ထားဆောင်ရွက်လျက်ရှိကြောင်း၊ ထုဆစ်ပြီးစီးသည့် ဗုဒ္ဓမြတ်စွာဘုရား၏ နှုတ်ကပါဌ်တော်လာ ပိဋကတ်သုံးပုံ အဋ္ဌကထာ ဋီကာကျမ်းစာများကို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ ရှေ့မျက်နှာစာ၌ စိုက်ထူပူဇော်ထားရှိပြီး ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက် ဖူးမြော်ချိန်တွင် ကျောက်စာတိုက် အတွင်းရှိ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာ ဋီကာကျမ်းစာများကို တစ်ပါတည်းလေ့လာနာယူကြည်ညိုနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ပြင် ကမ္ဘာပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဖြန့်ဝေရန်အတွက်လည်း ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုအခါ သာသနိက အဆောက်အအုံများနှင့် ဗုဒ္ဓဥယျာဉ်တည်ဆောက်မှုမှာ ၈၆ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောက်စာရုံစေတီတော်များ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရှင်မာကုကသီဒြယ် ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် သက္ကယ်ပြင် IDP Camp သို့ သွားရောက်၍ တွေ့ဆုံအမှာစကားပြောကြား၊ စားသောက်ဖွယ်ရာများ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေမြို့ရှိ ရှင်မာကုကသီဒြယ် ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဘာသာရေးဆိုင်ရာများ ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၅**

စစ်တွေမြို့၌ ရောက်ရှိနေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ မေယုလမ်းနှင့် ချင်းပျံလမ်းထောင့်ရှိ ရှင်မာကုကသီဒြယ် ခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ သွားရောက်ပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားကျောင်း ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုသည်။

**ဆွေးနွေးတင်ပြ**

ဦးစွာ ဘုရားကျောင်း ကျောင်းထိုင်ဆရာတော် ဦးလှိုင်ဝင်းက မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဘာသာရေးဆိုင်ရာများ ဆွေးနွေးတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နှစ်သက်ရာ ဘာသာအပေါ် လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးထားသော်လည်း အားလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသူများသာဖြစ်၍ နိုင်ငံတော်၏ သစ္စာကို စောင့်သိရန်လိုကြောင်း၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသူများဖြစ်၍ သုခ၊ ဒုက္ခ မှန်သမျှတို့ကို အေးအတူပူအမျှ မျှဝေခံစားကြရကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်မှုဖြင့် မိုခါမုန်တိုင်း၏ ထိခိုက်မှုအပေါ် အမြန်ဆုံးပြန်လည် ထူထောင်နိုင်ရန် အဘက်ဘက်မှကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း သာသနိကအဆောက်အအုံများနှင့် ပတ်သက်၍လည်း အလေးထား ပြုပြင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊

စာမျက်နှာ ၅ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ခရစ်ယာန်ဘာသာရေးအဖွဲ့များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သက္ကယ်ပြင် IDP Camp တွင် နေထိုင်ကြသူများအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း သက္ကယ်ပြင် IDP Camp တွင် နေထိုင်ကြသူများအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာအောင်ကျော်မင်း ခရစ်ယာန်ဘာသာရေးအဖွဲ့များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရခိုင်ပြည်နယ် ရသေ့တောင်မြို့ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား တွေ့ဆုံ အမှာစကားပြောကြား

**နေပြည်တော် ဇွန် ၁၅**

စစ်တွေမြို့၌ ရောက်ရှိနေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ရသေ့တောင်မြို့သို့ သွားရောက်ကာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား တွေ့ဆုံ အမှာစကား ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရခိုင်ပြည်နယ် ရသေ့တောင်မြို့ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

**ဖြည့်ဆည်းဆောင်ရွက်**

ဦးစွာ ရသေ့တောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကြီးကြပ်ရန် တာဝန်ပေးအပ်ထားသည့် တပ်မတော်မှ တာဝန်ရှိသူတစ်ဦးက မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မုန်တိုင်းအန္တရာယ် ထိခိုက်မှုပြင်းထန်သော မြို့များ၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့်အခြေအနေကို တစ်လတာ ကာလအတွင်း ပြီးစီးမှုအခြေအနေအား မျက်မြင်သိလို၍ လာရောက်ခြင်းဖြစ်ပြီး မေ ၁၈ ရက်တွင် လာရောက်မှုနှင့် ယခုလာရောက်ကြည့်ရှုခဲ့သည့် မြင်ကွင်းမှာ များစွာ တိုးတက်လာမှုကို တွေ့ရကြောင်း ဦးစွာ ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် ယခုနှစ် စိုက်ပျိုးရာသီအတွက် လိုအပ်သော မျိုးစပါးများအတွက် အချိန်မီရရှိအောင် စီမံပေးမှုအခြေအနေများ၊ ရေငန်တား တာတမံများ ကျိုးပေါက်မှုကို ပြင်ဆင်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ သောက်သုံးရေကန်များ ပြန်လည်ဆယ်တင်၍ သန့်ရှင်းရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ကျောင်းသား ကျောင်းသူများ အမိုးအကာအောက်တွင် စာသင်ကြားနိုင်ရေးဆိုင်ရာ စီမံဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် လက်ရှိစာသင်ကြားနေမှုအခြေအနေများ၊အခြေခံလူတန်းစားများ စားဝတ်နေရေးပြေလည်စေရန် မုန်တိုင်း မတိုက်ခတ်မီကပင် စုဆောင်းထားသည့် အရန်ဆန်တန်ချိန် ၁၀၀၀၀(အိတ် ၂၀၀၀၀၀) မှ ထပ်မံ ထောက်ပံ့ပေးနိုင်မည့် အခြေအနေများကို အသေးစိတ် ဆွေးနွေး ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ဌာနဆိုင်ရာများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့ရှိ အောင်မြေဗောဓိ ဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းသို့ သွားရောက်၍ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **စာမျက်နှာ ၆ သို့**☆

❖ **စာမျက်နှာ ၄ မှ**

မုန်တိုင်း မတိုက်ခတ်မီ ကြိုတင်ပြင်ဆင်ခဲ့မှုများကြောင့် မုန်တိုင်းမှာ အလွန့်အလွန် ပြင်းထန်ခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိမှု အနည်းဆုံးဖြင့် ရင်ဆိုင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်မှုနှင့် ပြန်လည် ထူထောင်ရေးတွင်လည်း ပူးပေါင်းပါဝင်ခဲ့မှုများအတွက် ကျေးဇူးတင်ပါကြောင်း၊ ဆက်လက်၍ ပြန်လည်ထူထောင်ရေးတွင်လည်း ဆရာတော်များနှင့် ဘာသာဝင်များက တစ်တပ်တစ်အား တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ အဖထာဝရ ဘုရားရှင်၏ နာမတော်ကျေးဇူးတော်တို့ဖြင့် ဘာသာ သာသနာအကျိုးကို အကောင်းဆုံး ထမ်းဆောင်နိုင်စေရန် ဆန္ဒပြုပါကြောင်း ပြောကြားပြီး ခရစ်ယာန်ဘာသာရေး အဖွဲ့များအတွက် စားသောက် ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သက္ကယ်ပြင် IDP Camp သို့ သွားရောက်၍ အဆိုပါ IDP Camp တွင် နေထိုင်သူများနှင့် တွေ့ဆုံ၍ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ မည်သူမဆို နိုင်ငံတော်၏ အကောင်းအဆိုး မှန်သမျှကို အားလုံးဝေမျှခံစားရသည့် အခြေအနေများ၊ ယခုအခါ မိုခါမုန်တိုင်း၏ ဘေးအန္တရာယ်ကိုလည်း ခံစားခဲ့ရသလို ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း တက်ညီလက်ညီဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများ၊ နိုင်ငံတော်၏ စေတနာအပေါ် သိရှိနားလည်ရန် လိုအပ်သည့် အခြေအနေများ၊ အခြေခံဥပဒေအရ လွတ်လပ်စွာ ကိုးကွယ်ခွင့် ပေးထားသော်လည်း မည်သည့်ဘာသာ ကိုးကွယ်သည်ဖြစ်စေ အစွန်းမရောက်အောင် ထိန်းသိမ်းရန် လိုအပ်သည့်အခြေအနေများ၊ မိမိနေထိုင်ရာ ပတ်ဝန်းကျင်အလိုက် ကျေးရွာ၊ မြို့ရွာများ သန့်ရှင်း သာယာလှပစေရန် ဝိုင်းဝန်းလုပ်ကိုင်ရန် လိုအပ်သည့် အခြေအနေများ၊ အမြင်မတော်သည်များကို နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသလို ကိုယ်ထူကိုယ်ထဖြင့် လုပ်ဆောင်ရန်လည်း လိုအပ်သည့် အခြေအနေများ၊ ပြည်နယ်အနှံ့ ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များ ရှိနေနိုင်သော်လည်း ဖြည့်ဆည်းနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားမည့်အခြေအနေများ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သော စားရေအဆင်ပြေစေရန်နှင့် အမိုးအကာအောက်တွင် လုံခြုံစွာ နေထိုင်နိုင်ရေး အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး စားသောက်ဖွယ်ရာများ၊ ဟင်းသီးဟင်းရွက် မျိုးစေ့ထုပ်များနှင့် တာပေါ်လင်လိတ်များ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သက္ကယ်ပြင် IDP Camp တွင် နေထိုင်ကြသူများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

❖ ကျောဖုံးမှ
အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် လေတိုက်နှုန်း တစ်နာရီ မိုင် ၁၂၀ ခန့် တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံ၍ ကျော်ဖြတ်ခဲ့ပြီး ဖြစ်ကြောင်း၊ မုန်တိုင်းအလွန်ကာလတွင်လည်း နေရေး၊ စားရေး၊ ကျန်းမာရေး အခြေအနေများကို သိလို၍ လာရောက်ခြင်း ဖြစ်ကြောင်း၊ ဦးစားပေးအရ အမိုးအကာအောက်ကို မိသားစုအားလုံး လုံလုံခြုံခြုံဖြင့် ရောက်ရှိနေထိုင်နိုင်ရေး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရသေ့တောင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။

**မိသားစုလုံလုံခြုံခြုံ နေထိုင်စားသောက်နိုင်ရန်**

တပ်မတော်သားများအနေဖြင့် အထက်မှပေးအပ်သော တာဝန်ကို ၂၄ နာရီ တာဝန်ထမ်းဆောင်နေကြသူများဖြစ်၍ မိသားစုအတွက် နောက်ဆံမတင်းဘဲ တာဝန်ထမ်းဆောင်နိုင်ရန် လိုအပ်ကြောင်း၊ ထိုသို့တာဝန်ထမ်းဆောင်နိုင်ရန် မိသားစုလုံလုံခြုံခြုံနေထိုင်စားသောက်နိုင်ရန် တာဝန်ရှိသူများက စီမံပေးရန်လိုကြောင်း။

အလားတူ စားသောက်ရေးသည် အရေးအကြီးဆုံးဖြစ်ပြီး တပ်မတော်မှ ချမှတ်ပေးထားသော စိုက်ပျိုးမွေးမြူရေးလမ်းညွှန်ချက်များနှင့်အညီ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုနှစ် စိုက်ပျိုးရေး ရာသီအတွင်း ပြန်လည် စိုက်ပျိုးနိုင်သည်အထိ ကြိုးပမ်းသွားရန်နှင့် လိုအပ်သော မျိုးများကိုလည်း တစ်ပါးတည်း ပေးအပ်ခဲ့မည်ဖြစ်ကြောင်း။

တစ်နာရီလျှင် မိုင် ၁၂၀ အထိ တိုက်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် မုန်တိုင်းဖြစ်သော်လည်း နိုင်ငံတော်အပိုင်းမှ ကြိုတင်ပြင်ဆင်မှု၊ အသိပညာပေးမှုများ ပြုလုပ်ခဲ့ခြင်းနှင့် အားလုံး၏ လိုက်ပါပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးသာ ကြုံတွေ့ခဲ့ရကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အားလုံး တက်ကြွစွာဖြင့် လိုက်ပါဆောင်ရွက်သွားရန်လိုကြောင်း။

ပညာရေးနှင့် ပတ်သက်၍ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းတက်နိုင်ရေးနှင့် ကျောင်းနေသူ အားလုံးသည်လည်း တန်းစဉ်မပြတ်ဘဲ အနည်းဆုံး KG+9 အောင်မြင်သည်အထိ စာသင်ကြားနိုင်ရေး နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးဆိုင်ရာ မူဝါဒပေးထားရာ မိမိတို့၏ သားသမီးများကို ပညာတတ်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်သွားရန်လိုကြောင်း။

ကျန်းမာရေးနှင့် ပတ်သက်၍ လူ့အသက်ထက် အရေးကြီးတာဘာမျှမရှိဟု မူဝါဒချမှတ်ထားရာ လိုအပ်သောဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို အချိန်မီရောက်ရှိရန် ကြိုးပမ်းပေးလျက်ရှိကြောင်း၊ မိသားစုဝင်များ မုန်တိုင်းအလွန် ဝမ်းပျက်ဝမ်းလျှော ကဲ့သို့ နောက်ဆက်တွဲ ရောဂါများ ကင်းဝေးစေရန် သန့်ရှင်းသော သောက်သုံးရေမှအစ သုံးရေအထိ သတိပြုသုံးစွဲကြရန်လိုကြောင်း။

တပ်မတော်သား မိသားစုဝင်များအနေဖြင့် ဆက်လက်ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင်လည်း တက်တက်ကြွကြွဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူတစ်ဦးအား ကြည့်ရှုအားပေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များက တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစု၊ ကူညီကယ်ဆယ်ရေး အဖွဲ့များအား စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များအား ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ နယ်မြေခံ ဆေးတပ်ရင်းသို့ သွားရောက်၍ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား လိုက်လံကြည့်ရှု အားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဆေးရုံအတွင်း လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြား နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရသေ့တောင်မြို့ရှိ ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက် မွေးဖွားခဲ့သော ကလေးငယ်များအား ကြည့်ရှုစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရသေ့တောင်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြား နေမှုကို ကြည့်ရှုအားပေးစဉ်။

☆ စာမျက်နှာ ၅ မှ
ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ဆေးရုံပင်မ အဆောက်အအုံအား ပြန်လည်ပြင်ဆင်ပြီးစီးမှု အခြေအနေများကို စစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများကို လိုက်လံကြည့်ရှု အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ တက်ရောက် ပညာသင်ကြား နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကိုလှိုင်နှင့် ဒေါက်တာသက်သက်ခိုင် ကုလသမဂ္ဂဆိုင်ရာ ယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

**စစ်တွေ ဇွန် ၁၅**

စစ်တွေမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကိုလှိုင်နှင့် ဒေါက်တာသက်သက်ခိုင်တို့သည် ကုလသမဂ္ဂဆိုင်ရာ ယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr.Ramanathan Balakrishnan ဦးဆောင်သည့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံကြသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် မိုခါမုန်တိုင်း တိုက်ခတ်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ကူညီကယ်ဆယ်ရေးပစ္စည်းများကို စနစ်တကျခွဲဝေ ဖြန့်ဖြူးပေးလျက်ရှိသည့် အခြေအနေများ၊ မုန်တိုင်းဒဏ်သင့်ဒေသများ၌ လူမှုရေး၊ စီးပွားရေး၊ ပုံမှန်လည်ပတ်နိုင်အောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် နိုင်ငံတကာအကူအညီများနှင့်ပတ်သက်၍ ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကုလသမဂ္ဂဆိုင်ရာ ယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့်အတူ OCHA Deputy Head of Office, Ms.Kyoko Ono၊ Senior Advisor to RC/HC Daw Su Su Thatun၊ UN Area Coordinator For Rakhine State, Mr.Riccardo Maia၊ Head of OCHA Rakhine Sub-Office, Mr.Tom Otunga၊ Humanitarian Affairs Specialist,OCHA, U Kyaw Naing Win တို့လည်း တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော စစ်တွေမြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက် ရုံးဌာနများ ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇွန် ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်နှင့် စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)တို့၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်နှင့်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ရောက်ရှိရာ စက်ရုံမှူးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ပျက်စီးဆုံးရှုံးမှုများနှင့် ရုပ်သံထုတ်လွှင့်နေမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ အဆိုပါစက်ရုံဝင်းအတွင်းရှိ မီတာ ၁၀၀ Self Supporting Tower ကျိုးကျပျက်စီးမှု၊ မီတာ ၃၀ Guyed Tower အသစ်တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)သို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိုခါမုန်တိုင်းတိုက်ခတ်ခဲ့ရသော်လည်း စစ်တွေမြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက် ဝန်ထမ်းများသေဆုံးမှုမရှိဘဲ ဌာနပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု အနည်းငယ်သာရှိသည့်အတွက် အားလုံးကို ကျေးဇူးတင်ရှိကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေသည့် သတင်းများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည်များကို အမြန်ဆုံးပြုပြင်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး လူနှင့်စက်ကိရိယာပစ္စည်းများ အမိုးအကာအောက် အမြန်ဆုံးရောက်ရှိနိုင်ရန် စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများအမြန်ဆုံး ပုံမှန်လည်ပတ်နိုင်ရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသစာရင်းစစ်ရုံးများမှ မုန်တိုင်းဒဏ်သင့်ဝန်ထမ်းမိသားစုများအတွက် အလှူငွေပေးအပ်

**နေပြည်တော် ဇွန် ၁၅**

မြန်မာ-တရုတ်ယဉ်ကျေးမှုနှင့် ခရီးသွား မြှင့်တင်ရေးအသင်း (Myanmar-China Culture and Tourism Promotion Association) ဥက္ကဋ္ဌ Mr. Liu Wei နှင့် မိသားစုက ရခိုင်ပြည်နယ် စာရင်းစစ်ချုပ်ရုံးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသစာရင်းစစ်ရုံးများမှ မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ဝန်ထမ်းမိသားစုများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ-တရုတ်ယဉ်ကျေးမှုနှင့် ခရီးသွားမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌက မုန်တိုင်းဒဏ်သင့် ဝန်ထမ်းမိသားစုများ အတွက် အလှူငွေ ပေးအပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

**လက်ခံရယူ**

ယင်းနောက် အလှူရှင်မိသားစုက ရခိုင်ပြည်နယ် မုန်တိုင်းဒဏ်သင့် ဝန်ထမ်းမိသားစုများအတွက် ပေးအပ်လှူဒါန်းသည့် အလှူငွေ ကျပ် ၃၅ သိန်းကို ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးတင်ဦးက လက်ခံရယူပြီး လှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# မိုခါအလွန် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆီသို့ (၁)

**ထက်မြတ်**

**မိုးဦးကျဝသန်ကာလကို လူတိုင်းလိုလို ကြိုက်နှစ်သက်ကြမှာပါ။ အထူးသဖြင့် လယ်ယာထွန်ယက်စိုက်ပျိုးဖို့အတွက် အသင့်စောင့်ဆိုင်းနေကြတဲ့ ကျေးဇူးရှင် လယ်ယာလုပ်သားတွေက မိုးကိုမျှော်လင့်နေကြပါတယ်။**

**မြန်မာနိုင်ငံမှာ သာမန်အားဖြင့်ဆိုရင် မေလက မိုးဦးကျကာလဖြစ်လို့ မတ်၊ ဧပြီလမှာ ဖြစ်ပေါ်ခဲ့တဲ့ ပူပြင်းခြောက်သွေ့မှုတွေ လျော့ပါးစေဖို့ မိုးကိုမျှော်ကြတာ ဆန်းတော့မဆန်းပါဘူး။ ဒါပေမဲ့ ဒီနှစ်အတွက် မိုးဦးကျကာလကိုတော့ ရာသီဥတုအခြေအနေက ခပ်ကြမ်းကြမ်းလေး ကိုင်လှုပ်ခဲ့တာပါ။**

ဒါပေမယ့်လည်း ကျွန်တော်တို့ရဲ့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ပင်လယ်ပြင်အတွင်း အချိန်နဲ့အမျှဖြစ်ပေါ်ပြောင်းလဲနေတဲ့ ရာသီဥတုအခြေအနေတွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်တဲ့ ကျေးဇူးကြောင့် ကျွန်တော်တို့အတွက် ပြင်ဆင်ချိန်ပိုရခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

၂၀၂၃ ခုနှစ် မေလ ၂ ရက်နေ့မှာတော့ ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်တို့မှာ လေဖိအားနည်းရပ်ဝန်းတစ်ခု စတင်ဖြစ်ပေါ်လာခဲ့ပါတယ်။ လေဖိအားနည်းရပ်ဝန်းအဖြစ် စတင်ချိန်ကပင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ချက်တွေ ထုတ်ပြန်ပေးခဲ့ပါတယ်။



၂၀၂၃ ခုနှစ် မေ ၁၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးအတွက် အရေးပေါ်အစည်းအဝေးကျင်းပစဉ်။

### သတိပေးချက်တွေကို ဆက်တိုက်ထုတ်ပြန်

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ၂၀၂၃ ခုနှစ် မေလ ၉ ရက်နေ့ မြန်မာစံတော်ချိန် ၂၃: ၀၀ နာရီအချိန် ထုတ်ပြန်တဲ့ မုန်တိုင်းငယ်သတိပေးချက် (၁/၂၀၂၃) ကနေစပြီး သတိပေးချက်တွေကို ဆက်တိုက်ဆိုသလိုထုတ်ပြန်ခဲ့တာပါ။

ထုတ်ပြန်ချက်ထဲမှာတော့ **"ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် ပိုမိုအားကောင်းလာပြီး ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့ (Coco Island)၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၄၁၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၅၄၀ မိုင်ခန့်၊ စစ်တွေမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၇၃၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ နီကိုးဘားကျွန်း (Nicobar Islands) ၏ အနောက် - အနောက်မြောက်ဘက် ရေမိုင် ၂၆၅ မိုင်ခန့်၊ ပို့ပလဲယား(Port Blair)၏ အနောက်တောင်ဘက်ရေမိုင် ၂၇၅ မိုင်ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့ (Cox's Bazar)မြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၇၉၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်"**ဆိုတဲ့ အကြောင်းပါပဲ။ အဲဒီမုန်တိုင်းရဲ့နာမည်ကတော့ **မိုခါ** ပါတဲ့။

အဲဒီအချိန်မတိုင်ခင် မေလ ၆ ရက်နေ့ကတည်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ လမ်းညွှန်ချက်နဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများအားလုံး ပါဝင်တဲ့ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခဲ့ပါတယ်။

အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကနေ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre-DMC)ကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC) ကို မေလ ၈ ရက်နေ့မှ စတင်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအမှတ် (၂၃) မှာ ဖွင့်လှစ်သွားနိုင်ရေး၊ ဆိုင်ကလုန်းမုန်တိုင်းနဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာနိုင်တဲ့ ကိစ္စကြီးငယ်အဝဝကို အချိန်နဲ့တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်ရေးစတဲ့ ဆုံးဖြတ်ချက်တွေကိုလည်း အဲဒီအစည်းအဝေးကနေ ချမှတ်နိုင်ခဲ့ပါတယ်။

### DMC က လုပ်ဆောင်နေတဲ့ မုန်တိုင်းကာလအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်း

ဒီနေရာမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC) ရဲ့ အခန်းကဏ္ဍကို ဦးစွာပြောချင်ပါတယ်။ DMC က ယခုလုပ်ဆောင်နေတဲ့ မုန်တိုင်းကာလအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအတွက် ပဓာနကျတဲ့ အနေအထားမှာရှိနေတာပါ။

ကျွန်တော့်အနေနဲ့ အောက်မှာ ဆက်လက်ဖော်ပြသွားမယ့် ကဏ္ဍအသီးသီးရဲ့ လုပ်ဆောင်ချက်တွေဟာ DMC ရဲ့ ဦးစီးဦးဆောင်မှုအောက်ကနေ သွေဖည်သွားတယ်ဆိုတာ မရှိပါဘူး။ ဒါကြောင့် DMC ရဲ့ လုပ်ဆောင်မှုဟာ မုန်တိုင်းမတိုက်ခတ်မီ ကြိုတင်သတိပေးပြင်ဆင်ခြင်း၊ မုန်တိုင်းတိုက်ပြီးနောက် ရှာဖွေကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ဆောင်မှုကိစ္စအဝဝအထိ ပါဝင်နေပါတယ်။

ဒီနေရာမှာ မုန်တိုင်းဝင်ရောက်တိုက်ခတ်မယ်လို့ သိရကတည်းက တပ်မတော်က မုန်တိုင်းအန္တရာယ်နဲ့ပတ်သက်ပြီး ရွှေ့ပြောင်းကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ခဲ့တာကို ဦးစွာတင်ပြချင်ပါတယ်။

အဲဒီအချိန်တုန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လှည့်လည်ကြည့်ရှုစစ်ဆေးနေတဲ့ အချိန်ဖြစ်ပါတယ်။ သို့ပေမယ့်လည်း နိုင်ငံတော်ဝန်ကြီးချုပ်က ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နိုင်မှုနဲ့၊ ပြည်သူတွေကို မုန်တိုင်းဒဏ်လွတ်ရာသို့ ရွှေ့ပြောင်းကယ်ဆယ်နိုင်ရေးတို့ကို အင်မတန်အလေးထားတာကြောင့် ကူညီကယ်ဆယ်ရေးနဲ့ပတ်သက်ပြီး အဆိုပါခရီးစဉ်ကနေ လမ်းညွှန်မှာကြားချက်တစ်ခုပြုခဲ့ပါတယ်။ အဲဒါကတော့ တပ်မတော်မှ အရာရှိကြီးတစ်ဦးစီ လိုက်ပါဦးဆောင်တဲ့ ယာဉ်အုပ်စု ၁၀ စုကို ကြိုတင်ဖွဲ့စည်းစေလွှတ်ခြင်းပါပဲ။

### ယာဉ်အုပ်စု ၁၀ စု ရန်ကုန်မှ စတင်ထွက်ခွာ

အထူးသဖြင့် မုန်တိုင်းဝင်ရောက်ဖြတ်သန်းသွားမယ်လို့ခန့်မှန်းရတဲ့ဒေသတွေဆီကို ရှေ့ပြေးကူညီကယ်ဆယ်ရေးအနေနဲ့သွားနိုင်စေဖို့ ယာဉ်အုပ်စုတွေ ဖွဲ့စည်းစေလိုက်တာပါ။ တပ်မတော်မှ အရာရှိကြီးတစ်ဦးစီ လိုက်ပါဦးဆောင်တဲ့ ယာဉ်အုပ်စု ၁၀ စုဟာ မေလ ၁၂ ရက်နေ့မှာရန်ကုန်မှ စတင်ထွက်ခွာသွားကြပါတယ်။

အဲဒီယာဉ်အုပ်စုတွေထဲမှာ အင်ဂျင်နီယာတပ်ဖွဲ့ဝင်တွေ၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်တွေ၊ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်တွေ၊ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာတပ်ဖွဲ့ဝင်တွေ၊ ဆက်သွယ်ရေးတပ်ဖွဲ့ဝင်တွေ၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်တွေ၊ ပြန်ကြားရေးလုပ်ငန်းဆောင်ရွက်ဖို့ တပ်ဖွဲ့ဝင်တွေ ပါဝင်ပါတယ်။

ယာဉ်အုပ်စုတစ်စုမှာ မော်တော်ယာဉ် ၁၀ စီး၊ ပွဲချိတ်စက်နှစ်လုံး၊ ဖိုက်ဘာတိုက်လှေနှစ်စင်း၊ **စာမျက်နှာ ၉ သို့** ◆



၂၀၂၃ ခုနှစ် မေ ၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားအဆင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**"မုန်တိုင်း ဝင်ရောက်ဖြတ်သန်းသွားမယ်လို့ ခန့်မှန်းရတဲ့ဒေသတွေဆီကို ရှေ့ပြေးကူညီကယ်ဆယ်ရေးအနေနဲ့ သွားနိုင်စေဖို့ ယာဉ်အုပ်စုတွေ ဖွဲ့စည်းစေလိုက်တာပါ။ တပ်မတော်မှ အရာရှိကြီး တစ်ဦးစီ လိုက်ပါဦးဆောင်တဲ့ ယာဉ်အုပ်စု ၁၀ စုဟာ မေလ ၁၂ ရက်နေ့မှာ ရန်ကုန်မှ စတင်ထွက်ခွာသွားကြပါတယ်။ အဲဒီယာဉ်အုပ်စုတွေထဲမှာ အင်ဂျင်နီယာတပ်ဖွဲ့ဝင်တွေ၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်တွေ၊ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်တွေ၊ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာတပ်ဖွဲ့ဝင်တွေ၊ ဆက်သွယ်ရေးတပ်ဖွဲ့ဝင်တွေ၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်တွေ၊ ပြန်ကြားရေးလုပ်ငန်း ဆောင်ရွက်ဖို့ တပ်ဖွဲ့ဝင်တွေပါဝင်"**


◆ စာမျက်နှာ ၈ မှ
လွှစက်ငါးခုနဲ့ လက်သုံးကိရိယာတွေ၊ အသက်ကယ်အင်္ကျီ ၂၆ ထည်၊ အသက်ကယ်ဖောကွင်း ၁၀ ခု၊ လူခြောက်ဦးဆံ့ မိုးကာတဲ အလုံး ၅၀၊ တာပေါ်လင်စ ၁၆၀၊ ပစ္စည်း ၁၄ မျိုးပါအရေးပေါ်သေတ္တာ အလုံး ၃၀၊ ထိခိုက်ဒဏ်ရာတွေအတွက် အရေးပေါ်ကုသဆေးတွေ၊ မြွေအဆိပ်ဖြေဆေးတွေ၊ မေးခိုင်ကာကွယ်ဆေးတွေ၊ ရေသန့်စင်ဆေးပြားတွေ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ကုသဆေးတွေ၊ အရေးပေါ်ဆက်သွယ်ရေးစက်မျိုးစုံ ၂၂ လုံး၊ ဆက်စပ်ပစ္စည်းတွေနဲ့ ယာဉ်ချို့ယွင်းပါက ပြင်ဆင်နိုင်ဖို့ ယာဉ်အပိုပစ္စည်းတွေ အပြည့်အစုံပါရှိကြတာကိုလည်း တွေ့ရပါတယ်။




၂၀၂၃ ခုနှစ် မေ ၁၅ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

### အနီရောင်အဆင့်ဒေသအဖြစ် သတိပေးခဲ့

အလားတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက မုန်တိုင်းမဝင်မီ မေလ ၁၂ ရက်နေ့မှာ ဘေးအန္တရာယ်ကျရောက်နိုင်ခြေမြင့်မား




၂၀၂၃ ခုနှစ် မေ ၉ ရက်တွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သော မုန်တိုင်းအခြေအနေပြပုံ။

သည့် အနီရောင်အဆင့်ဒေသများအဖြစ် သတိပေးကြေညာချက် ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီကြေညာချက်ထဲမှာတော့ စစ်တွေ၊ ကျောက်ဖြူ၊ မောင်တော၊ ရသေ့တောင်၊ မြေပုံ၊ ပေါက်တောနဲ့ မာန်အောင်မြို့နယ်တို့ကို ဘေးအန္တရာယ်ကျရောက်နိုင်ခြေမြင့်မားတဲ့ အနီရောင်အဆင့်ဒေသတွေအဖြစ် သတိပေးခဲ့တာကို တွေ့ရပါတယ်။

တကယ်တမ်း မိုးလေဝသဆိုင်ရာ ကြိုတင်သတိပေးရေး လုပ်ငန်းစဉ်အရဆိုရင် မုန်တိုင်းဝင်ရောက်တိုက်ခတ်နိုင်ခြေမြင့်မားတဲ့မြို့တွေကို မုန်တိုင်းမဝင်မီ ၁၂ နာရီအလိုမှာ ထုတ်ပြန်တာမုန်ပေမယ့် အခုတော့ မုန်တိုင်းမဝင်မီ တစ်ရက်ကျော်အလိုကတည်းက ကြိုတင်ကြေညာခဲ့လို့ ကယ်ဆယ်ရွှေ့ပြောင်းရေးလုပ်ငန်းတွေကို ထိထိရောက်ရောက်နဲ့ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့တာပါ။

မေလ ၁၄ ရက်နေ့မှာတော့ ကြိုတင်ခန့်မှန်းထားတဲ့အတိုင်းပဲ အလွန့်အလွန်အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" က စစ်တွေမြို့အနီးကနေ စတင်ဖြတ်ကျော်ဝင်ရောက်လာပါပြီ။ မေလ ၁၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၂ : ၃၀ နာရီအချိန်မှာတော့ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဟာ တရုတ်နိုင်ငံအတွင်းကို လေဖိအားနည်းရပ်ဝန်းအဖြစ် ဝင်ရောက်ပြီး အားလျော့သွားခဲ့ပါတယ်။

တကယ့်တကယ်တမ်း ပြန်ကြည့်ရင် မြန်မာနိုင်ငံကို မုန်တိုင်းစတင်ဝင်ရောက်ချိန်ကနေ မြန်မာနိုင်ငံမှ မုန်တိုင်းထွက်ခွာသွားချိန်က နာရီပေါင်း ၃၀ ဝန်းကျင်သာ ရှိပါတယ်။ သူ့ကြောင့် ပျက်စီးမှုတွေက မနည်းမနောပါပဲ။ ဒါပေမဲ့လည်း ဒီလိုပြင်းအားမျိုးနဲ့ မုန်တိုင်းသာ တခြားနိုင်ငံကို ဝင်ရောက်ခဲ့တယ်ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာဖြစ်ပေါ်ခဲ့တဲ့ ပျက်စီးမှုထက် အဆပေါင်းများစွာ သာနိုင်ပါတယ်။

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဟာ ပြင်းအားအဆင့် (၄) အထိ သတ်မှတ်ခံရတဲ့ မုန်တိုင်းတစ်လုံးပါ။ ဒီအဆင့်မှာ လေတိုက်နှုန်းက တစ်နာရီ မိုင် ၁၃၀ နှုန်းကနေ ၁၅၆ မိုင်နှုန်းအထိ တိုက်ခတ်နိုင်ပါတယ်။ ဒီအခြေအနေဟာ ကောင်းစွာ တည်ဆောက်ထားတဲ့ နေအိမ်တွေကို တောင်မှ ရစရာမရှိအောင်ဆိုးဆိုးရွားရွား ပျက်စီးစေတာပါ။

နိုင်ငံတစ်နိုင်ငံမှာ သဘာဝဘေးအန္တရာယ်ကျရောက်လာရင် ပျက်စီးဆုံးရှုံးမှုအနည်းဆုံးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ အမြန်ဆုံးစတင်နိုင်ခြင်း ရှိ/မရှိဆိုတာ အုပ်ချုပ်သူ အစိုးရအပေါ် များစွာမူတည်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကတော့ မြန်မာနိုင်ငံကိုဝင်ရောက်လာနိုင်တဲ့ မုန်တိုင်းက ပင်လယ်ပြင်မှာစတင်ဖြစ်ပေါ်ပါပြီဆိုကတည်းက မုန်တိုင်းတိုက်ခတ်မှုအတွင်း ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင်၊ မုန်တိုင်းတိုက်ခတ်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ အကောင်းဆုံးလုပ်ဆောင်နိုင်ဖို့ ကြိုတင်ပြင်ဆင်မှုတွေကို အမြော်အမြင်ရှိရှိနဲ့ လုပ်ဆောင်ထားခဲ့တာ တွေ့ရမှာပါ။

ဒီလိုကြိုတင်ပြင်ဆင်မှုတွေကြောင့်ပဲ မုန်တိုင်းတိုက်ခတ်မှုအတွင်း အတိုင်းအတာတစ်ခုအထိရှိတဲ့ ပျက်စီးဆုံးရှုံးမှုနဲ့ နည်းပါးတဲ့ လူသေဆုံးမှုသာ ရှိခဲ့တာဖြစ်ပါတယ်။

**ပျက်စီးဆုံးရှုံးဆုံးမှုတွေနဲ့ပတ်သက်ပြီး သတင်းထုတ်ပြန်ထားတဲ့စာရင်းတွေအရ တိုင်းဒေသကြီးတွေနဲ့ ပြည်နယ်အသီးသီးမှာ စုစုပေါင်း ပျက်စီးဆုံးရှုံးမှုအနေနဲ့ လူနေအိမ် ၂၁၃၉၉၀၊ ဘာသာရေးအဆောက်အအုံ ၃၃၃၂ လုံး၊ စာသင်ကျောင်း ၁၇၃၄ ကျောင်း၊ ဆေးရုံ/ဆေးခန်း ၃၉၈ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ၁၄ တိုင်၊ ဓာတ်အားလိုင်း ၂၃၀ ကေဗွီ ၁၄ တိုင်၊ ၆၆ ကေဗွီ ၃၈ တိုင်၊ ဓာတ်မီးတိုင် ၈၀၉၉ တိုင်၊ ထရန်စဖော်မာ ၈၃ ခု ပျက်စီးခဲ့တဲ့အပြင် လူသေဆုံးမှုအနေနဲ့ ၁၄၈ ဦး၊ ဒဏ်ရာရရှိသူ ၁၃၂ ဦး၊ တိရစ္ဆာန်သေဆုံးမှု ၂၉၀၆၁၂ ကောင်ရှိတယ်လို့ ပဏာမစာရင်း ကောက်ယူရေးအဖွဲ့ရဲ့ စိစစ်ချက်အရ သိရပါတယ်။ ဆက်လက်ပြီးလည်း သေချာသည်ထက် သေချာအောင် ပျက်စီးဆုံးရှုံးမှုစာရင်းတွေ ကောက်ယူနေဆဲဖြစ်တယ်လို့ ဆိုပါတယ်။**

### ဘေးလွတ်ရာနေရာတွေကို ရွှေ့ပြောင်း

နိုင်ငံတော်အစိုးရအနေနဲ့ မုန်တိုင်းမကျမီ စစ်တွေ၊ မြောက်ဦး၊ မောင်တော၊ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကုတ်နဲ့ အမ်းမြို့တွေမှာရှိတဲ့ သဘာဝဘေးဒဏ်ခိုလှုံရာ Shelter တွေကို ပြည်သူ ၂၃၇၀၀ ရွှေ့ပြောင်းပေးခဲ့ပြီး တခြားဘေးလွတ်ရာနေရာတွေကို ရွှေ့ပြောင်းမှုအနေနဲ့ ၆၂၆၄၉ ဦး ရွှေ့ပြောင်းပေးခဲ့ပါတယ်။ အလားတူ IDP စခန်းမှ ရောက်ရှိသူတွေ အနက် ၆၂၃၁၉ ဦးကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပါတယ်။ မုန်တိုင်းကြောင့် သေဆုံးသူတွေထဲမှာ ရွှေ့ပြောင်းပေးမှုအပေါ် ငြင်းဆန်ခဲ့သူတချို့ ပါဝင်ခဲ့တာလည်း တွေ့ရပါတယ်။

ဒီလို ပျက်စီးဆုံးရှုံးမှုတွေအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အစိုးရ၊ တပ်မတော်၊ ပြည်သူ အတူတကွလက်တွဲပြီး အင်တိုက်အားတိုက် ဆောင်ရွက်ပေးရမှာပါ။ အခုဆိုရင် မုန်တိုင်း တိုက်ခတ်ပြီးနောက် လုပ်ဆောင်ရတဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကိုလည်း အရှိန်အဟုန်နဲ့ ဆောင်ရွက်လျက်ရှိရာ အချိန်တိုအတွင်း မှာပင် မျှော်မှန်းထားတာထက်ပိုတဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို လုပ်ဆောင်နိုင်ခဲ့တာ တွေ့ရပါတယ်။

ဒါကြောင့် မုန်တိုင်းတိုက်ခတ်ပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ဘယ်လိုမျိုး အင်တိုက်အားတိုက် လုပ်ဆောင်ခဲ့တယ်ဆိုတာ ဒီဆောင်းပါးကနေတစ်ဆင့် ဂုဏ်ယူစွာနဲ့ ရေးသားဖော်ပြလိုက်ရပါတယ်။

### အရေးပေါ်အစည်းအဝေး ကျင်းပပြုလုပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်တဲ့ တပ်မတော်အရာရှိကြီးတွေနဲ့ တာဝန်ရှိသူတွေဟာ မြန်မာနိုင်ငံကို မုန်တိုင်းစတင်ဝင်ရောက်တဲ့ မေလ ၁၄ ရက်နေ့မှာပဲ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအတွက် အရေးပေါ်အစည်းအဝေး ကျင်းပပြုလုပ်ပါတယ်။

အဲဒီအစည်းအဝေးမှာ သက်ဆိုင်ရာတာဝန်ရှိသူအသီးသီးက မုန်တိုင်းဖြစ်ပေါ်မှုနဲ့ မြန်မာနိုင်ငံသို့ မုန်တိုင်းဝင်ရောက်မှုအခြေအနေ၊ နိုင်ငံတော်နဲ့ တပ်မတော်က ဆန်နဲ့ ရိက္ခာတွေ ကြိုတင်စုဆောင်းထားရှိမှုအခြေအနေ၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းတွေ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေ၊ ပြောင်းရွှေ့ရေး၊ လမ်းပန်းဆက်သွယ်ရေးနဲ့ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ဖို့ ကြိုတင်ဖွဲ့စည်းထားမှုအခြေအနေ၊ သတင်းတွေကို အချိန်နဲ့တစ်ပြေးညီရရှိရေးနဲ့ ထုတ်ပြန်နိုင်ရေးဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ သဘာဝဘေးဒဏ်သင့်ဒေသတွေအတွက် ကူညီကယ်ဆယ်ရေးကို နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေတို့ကို တင်ပြကြပါတယ်။

အဲဒီလို တင်ပြမှုတွေအပေါ်မှာ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ မှာကြားမှုကို ကြည့်ရင် အစိုးရတစ်ရပ်က နိုင်ငံသားတွေအပေါ် ထားတဲ့စေတနာကို မြင်တွေ့ရမှာပါ။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့မှာကြားမှုတွေထဲက တချို့ကို ကောက်နုတ်ပြရရင်-

**"မုန်တိုင်းဒဏ်သင့်ဒေသများအတွက် ဆန်နှင့်ရိက္ခာများကို ကြိုတင်စုဆောင်းထားရှိပြီး အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ရေး** စာမျက်နှာ ၁၀ သို့ ❑

> **"မုန်တိုင်းတိုက်ခတ်မှုဖြစ်ပြီး နောက်တစ်ရက်ဖြစ်တဲ့ မေလ ၁၅ ရက်နေ့မှာ အပြောမဟုတ်ဘဲ အလုပ်နဲ့သက်သေပြတတ်တဲ့ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူတွေနဲ့အတူ မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသသို့ရောက်ရှိပြီး နိုင်ငံသူ၊ နိုင်ငံသားအားလုံး မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရှိမှုမရှိစေရေး ကယ်ဆယ်ကူညီဆောင်ရွက်ပေးသွားရန်၊ မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးသွားရန်နဲ့ မြေပြင်အခြေအနေတွေကို လိုက်လံကြည့်ရှုစစ်ဆေးကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအတွက် လုပ်ဆောင်ရမယ့်လုပ်ငန်းတွေကို လမ်းညွှန်မှာကြား"**

❑ စာမျက်နှာ ၉ မှ

တပ်မတော်လေယာဉ်များ၊ ရေယာဉ်များ၊ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်၍ အသင့်ပြင်ဆင်ထားရှိရန် လိုပါမယ်။ ဘုန်းတော်ကြီးကျောင်းများက မြို့၊ ရွာများ၏ အစွန်အဖျားနေရာများတွင် တည်ရှိကြခြင်းကြောင့် လေပြင်းများ တိုက်ခတ်ပြီး ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပါက ပြင်ဆင်ပေးနိုင်ရေးဆောင်ရွက်ပေးရန်လိုပါမယ်။ မုန်တိုင်းဒဏ်ထိခိုက်သည့်ဒေသများ၌ ပြင်ဆင်မှုများ ဆောင်ရွက်ပေးရာတွင် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးရပါမယ်။ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားအားလုံး မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရှိမှုမရှိစေရေး ကူညီဆောင်ရွက်ပေးသွားရန် လိုပါမယ်။ ထိခိုက်မှုအနည်းဆုံးဖြင့် မုန်တိုင်းအန္တရာယ်ကို အောင်မြင်စွာကျော်လွှားနိုင်ရေး မိမိကိုယ်တိုင် မျက်ခြည်မပြတ်စောင့်ကြည့်ပြီး အချိန်နှင့်တစ်ပြေးညီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။"

တပ်မတော်အနေဖြင့်လည်း "နိုင်ငံအတွင်းမှာ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အမိန့်စောင့်စရာမလိုဘဲ ပြည်သူလူထုကို အကူအညီများချက်ချင်းပေးဖို့" တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်ရင်း/တပ်ဖွဲ့များကို ညွှန်ကြားထားပြီးသားပါ။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းကလည်း မုန်တိုင်း စတင်ဝင်ရောက်တိုက်ခတ်တဲ့ မေလ ၁၄ ရက်နေ့မှာပဲ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ် (အရေးပေါ်) အစည်းအဝေးကို ပြုလုပ်ခဲ့ပါသေးတယ်။

အဲဒီအစည်းအဝေးမှာတော့ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖြစ်တဲ့ ဒုတိယဝန်ကြီးချုပ်က မုန်တိုင်းအလွန်ကာလ လိုအပ်သည့်အကူအညီများနှင့် မမျှော်မှန်းနိုင်သည့်ကိစ္စရပ်တွေအတွက် ဌာနအလိုက် ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ မုန်တိုင်းလမ်းကြောင်းတစ်လျှောက်နှင့် မုန်တိုင်းအဝိုင်းအဝန်းတစ်လျှောက် ကူညီကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနအလိုက် လျာထားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မုန်တိုင်းအလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကော်မတီဝင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ပုံမှန်အနေအထားသို့ အမြန်ဆုံးပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း စသည်ဖြင့်တာဝန်ရှိသူတွေကို လမ်းညွှန်မှာကြားခဲ့ပါတယ်။

**မြေပြင်အခြေအနေတွေကို ကြည့်ရှုစစ်ဆေး**

မုန်တိုင်းတိုက်ခတ်မှုဖြစ်ပြီး နောက်တစ်ရက်ဖြစ်တဲ့ မေလ ၁၅ ရက်နေ့မှာ အပြောမဟုတ်ဘဲ အလုပ်နဲ့ သက်သေပြတတ်တဲ့ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူတွေနဲ့အတူ မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသသို့ရောက်ရှိပြီး **နိုင်ငံသူ၊ နိုင်ငံသားအားလုံး မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရှိမှုမရှိစေရေး ကယ်ဆယ် ကူညီဆောင်ရွက်ပေးသွားရန်၊ မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးသွားရန်နဲ့** မြေပြင်အခြေအနေတွေကို လိုက်လံကြည့်ရှုစစ်ဆေးကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအတွက် လုပ်ဆောင်ရမယ့် လုပ်ငန်းတွေကို လမ်းညွှန်မှာကြားမှုပြုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးစီးတဲ့ ဝန်ကြီးသုံးဦး၊ ဒုတိယဝန်ကြီး ခုနစ်ဦးပါဝင်တဲ့ အဖွဲ့နဲ့ မုန်တိုင်းအလွန် ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ စတင်အကောင်အထည်ဖော်နိုင်ရေး တာဝန်ပေးဆောင်ရွက်စေခဲ့ပါတယ်။



တပ်မတော်မှ ရွှေ့ပြောင်းကူညီကယ်ဆယ်ရေးယာဉ်အုပ်စုများ ထွက်ခွာစဉ်။

**ဘေးအန္တရာယ်ကျရောက်တဲ့ ဒေသတွေအဖြစ် ကြေညာ**

တစ်ချိန်တည်းမှာပဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေလ ၁၅ ရက်နေ့မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကြေညာချက်အမှတ် (၁/၂၀၂၃) ကို ထုတ်ပြန်ပြီး ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့တဲ့ ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ ခုဖြစ်တဲ့ ကျောက်ဖြူ၊ မာန်အောင်၊ ရမ်းဗြဲ၊ အမ်း၊ စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဂွ၊ တောင်ကုတ်၊ သံတွဲ၊ မောင်တော၊ ဘူးသီးတောင်၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦးနဲ့ မြေပုံမြို့နယ်တို့ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်တဲ့ ဒေသတွေအဖြစ် ကြေညာလိုက်ပါတယ်။

နောက်တစ်ရက်ဖြစ်တဲ့ မေလ ၁၆ ရက်နေ့မှာတော့ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ကုန်းတွင်းပိုင်းသို့ဖြတ်သန်းသွားရာ ချင်းပြည်နယ်ရှိ တီးတိန်၊ ပလက်ဝ၊ မတူပီနဲ့ ဟားခါးမြို့နယ်တို့ကိုလည်း သဘာဝဘေးအန္တရာယ် ကျရောက်တဲ့ ဒေသတွေအဖြစ် ကြေညာလိုက်တာတွေ့ရပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက်ခန့်အပ်တာဝန်ပေးခြင်းခံရသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ်ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ချင်းပြည်နယ် ဟားခါးမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်နယ်၌ ပြုလုပ်သော ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲသို့ တက်ရောက်သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် ဟားခါးတပ်နယ်မှ ကျောင်းသားတစ်ဦးအား ဂုဏ်ပြုချီးမြှင့်စဉ်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းနှင့် တာဝန်ရှိသူများသည် မြို့မရပ်ကွက် လမ်းမဘုန်းတော်ကြီးကျောင်းရှိ ဓမ္မာရုံ၌ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ကုလားတန် (၂)ရေယာဉ်ဖြင့် ရောက်ရှိလာသော ဆန်များအား ဖွင့်ဖောက်စစ်အဖွဲ့မှ စိစစ်လက်ခံနေမှု၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ကုန်တင်/ကုန်ချအဖွဲ့များဖြင့် စားသုံးသူရေးရာဂိုဒေါင်သို့ စနစ်တကျထားရှိသိုလှောင်နေမှုများအား စနစ်တကျဖြစ်စေရေး၊ လေလွင့်မှုမဖြစ်ပေါ်စေရေး သွားရောက်ကြည့်ရှု ကြပ်မတ်ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဘူးသီးတောင်မြို့ရှိ အလင်းရောင်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများကို ပြန်လည်ပြုပြင်ရန်လိုအပ်သော အမိုးသွပ်များ၊ ဆွမ်းဆန်တော်များ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် နဝကမ္မအလှူငွေများအား ကျောင်းထိုင်ဆရာတော်များထံ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့အတူ ချင်းပြည်နယ် မတူပီမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် တာဝန်ရှိသူများသည် မတူပီမြို့နယ်အတွင်းရှိ မုန်တိုင်းကြောင့် ပျက်စီးသွားသော စာသင်ကျောင်းများကို ပြန်လည်ပြုပြင်နိုင်ရန်လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများအား တာဝန်ရှိသူများထံ လှူဒါန်းခဲ့သည်။

အလားတူ ရခိုင်ပြည်နယ် ကျောက်တော်မြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်သူဦးနှင့် တာဝန်ရှိသူများသည် မြို့မမုန်ကျောင်းကျောင်းတိုက်ရှိ မြို့နယ်သံဃနာယက ဆရာတော်အရှင်သူမြတ်များထံ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဇီးကုန်းမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

**ဇီးကုန်း ဇွန် ၁၅**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေးနှင့် ဓာတ်အားစနစ်ကောင်းမွန်စေရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကျော်ဇောနှင့် ဝန်ထမ်းများက ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇီးကုန်းမြို့နယ်အတွင်းသို့ ဖြန့်ဖြူးထားသော မြို့တွင်းဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ကြေွသီးအသစ်များ လဲလှယ်တပ်ဆင်ခြင်း၊ jumper connection များပြုပြင်ခြင်း၊ တိုင်မတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖

# “စာဖတ်ပြခြင်းသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ” ဖွင့်ပွဲအခမ်းအနားကျင်းပ ပြည်ထောင်စုဝန်ကြီး ဦးကိုကို တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဇွန် ၁၅**

အာဆီယံနိုင်ငံ အမျိုးသားစာကြည့်တိုက်များနှင့် ကိုရီးယားသမ္မတနိုင်ငံ ကလေးသူငယ်ဆိုင်ရာ အမျိုးသားစာကြည့်တိုက်တို့ ပူးပေါင်းပြုလုပ်သည့် အာဆီယံကလေးသူငယ်များ စာဖတ်ခြင်းယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ “စာဖတ်ပြပါ” အစီအစဉ်အတွက်“စာဖတ်ပြခြင်းသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ” ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ၊ ကိုယ်ပိုင်စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် “စာဖတ်ပြပါ” အစီအစဉ်အတွက် လိုအပ်သည့် “အသံထွက်၍စာဖတ်ပြခြင်း” သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ပထမဦးစွာ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် ၂၀၂၃ ခုနှစ် မေ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဆောင်ရွက်ခဲ့ပြီး အမျိုးသားစာကြည့်တိုက်(နေပြည်တော်)တွင် ဇွန် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ “စာဖတ်ပြပါ” အစီအစဉ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျောင်းစာကြည့်တိုက်များ၊ ပြည်သူ့စာကြည့်တိုက်များ၊ ကိုယ်ထူကိုယ်ထ စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများနှင့်အတူ အမျိုးသားစာကြည့်တိုက်(ရန်ကုန်၊ နေပြည်တော်)မှ စာကြည့်တိုက်မှူးများသည် ၂၀၂၃ ခုနှစ် မေလမှ စက်တင်ဘာလအတွင်း “စာဖတ်ပြပါ” အစီအစဉ်ကို ကျင်းပသွားရန် စီစဉ်ထားရှိကြောင်း။

ထို့အတွက် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)မှ စာကြည့်တိုက်မှူးများသည် ယခု ဇွန်လအတွင်း၌ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့်ချိတ်ဆက်၍ “စာဖတ်ပြပါ“ အစီအစဉ်ကို ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုသင်တန်းကို တက်ရောက်ပြီးသည့် ဆရာ ဆရာမများ၊ စာကြည့်တိုက်မှူးများအနေဖြင့်လည်း မိမိနေရပ်ဒေသမှ အခြေခံပညာကျောင်းများ၊ စာကြည့်တိုက်များတွင် ဆင့်ပွားသင်တန်းများပေး၍ “စာဖတ်ပြပါ” အစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်စေလိုကြောင်း၊ မြန်မာတစ်နိုင်ငံလုံးရှိကျောင်းသားလူငယ်များအတွက် စာဖတ်အလေ့အကျင့် တိုးပွားစေရန်နှင့် အသိပညာ ဗဟုသုတရရှိစေနိုင်မည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း၊ မျိုးဆက်သစ်လူငယ်များအတွက် ကောင်းမွန်သည့်အလေ့အထ ထွန်းကားရေးနှင့် ပညာဗဟုသုတရှာမှီးရာတွင် စာကြည့်တိုက်များက ထောက်ပံ့ကူညီပေးနိုင်ကြောင်း သိရှိစေနိုင်သည့် အစီအစဉ်တစ်ခုဖြစ်ပြီး လူငယ်များ စာဖတ်ရှိန်မြှင့်တင်နိုင်ရေးအတွက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ စိန့်ပီတာစဘတ်မြို့ရှိ JSC Atomenergomash (AEM-Technologies ‘Izhora’) နှင့် Central Design Bureau of Mechanical Engineering အလုပ်ရုံများသို့ သွားရောက်လေ့လာ

**နေပြည်တော် ဇွန် ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ်တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် စိန့်ပီတာစဘတ်မြို့အနီးရှိ JSC Atomenergomash (AEM–Technologies ‘Izhora’) အပူစွမ်းအင်သုံးနှင့် နည်းပညာဆိုင်ရာ Service ဆောင်ရွက်ပေးနေသော အလုပ်ရုံသို့ သွားရောက်လေ့လာကြသည်။



**ဆွေးနွေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် JSC Atomenergomash (AEM–Technologies ‘Izhora’) အလုပ်ရုံသို့ရောက်ရှိရာ အလုပ်ရုံ အမှတ်(၃၃)၊ (၃၄)အတွင်း၌ အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံတွင် အသုံးပြုဆောင်ရွက်နေသော ဘွိုင်လာနှင့်တာဘိုင်ပစ္စည်းများ ထုတ်လုပ်မှုနှင့် တပ်ဆင်နေမှုများကို လေ့လာကြသည်။

ယင်းနောက် အလုပ်ရုံအစည်းအဝေးခန်းမတွင် JSC Atomenergomash (AEM–Technologies ‘Izhora’) ၏ Director General Mr.Kotov Igor က အလုပ်ရုံလည်ပတ်ဆောင်ရွက်နေမှုနှင့် ထုတ်လုပ်မှုကို Power Point ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Central Design Bureau of Mechanical Engineering အလုပ်ရုံသို့ရောက်ရှိရာ အလုပ်ရုံ၏ Production Director Mr. Alexy Kuzmin က အလုပ်ရုံမှ ထုတ်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

Central Design Bureau of Mechanical Engineering အလုပ်ရုံသည် နှစ်ပေါင်း ၈၀ ကြာ အတွေ့အကြုံရှိသော အလုပ်ရုံတစ်ခုဖြစ်ပြီး အပူစွမ်းအင်သုံးစက်ပစ္စည်းများ၊ ရေအေးစနစ်၊ ပန့်စနစ်၊ ပိုက်လိုင်းစနစ်များကို အဓိကထားထုတ်လုပ်လျက်ရှိသည်။ ထို့ပြင် အပူစွမ်းအင်သုံးစက်ရုံများ၊ ရေယာဉ်တပ်ဆင်ထုတ်လုပ်မှုများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်များတွင် လိုအပ်သော စက်ပစ္စည်းထုတ်လုပ်ခြင်းများအပြင် ဒီဇိုင်းများရေးဆွဲထုတ်လုပ်မှုကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ကိုလ်ကတ္တားမြို့၌ကျင်းပသည့် BIMSTEC Business Conclave ပိတ်ပွဲအခမ်းအနားသို့ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်

**နေပြည်တော် ဇွန် ၁၅**

အိန္ဒိယသမ္မတနိုင်ငံက ကိုလ်ကတ္တားမြို့၌ ကျင်းပလျက်ရှိသည့် BIMSTEC Business Conclave တွင် ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်နေသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲမှ ၂ နာရီအထိ Hytta Regency Kolkata Hotel Ballroom ခန်းမ (၁)တွင်ကျင်းပသည့် ဘင်းမ်စတက်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု Valedictory Session ပိတ်ပွဲအခမ်းအနားသို့ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်အမှာစကားပြောကြားသည်။




**တက်ရောက်အားပေး**

အဆိုပါ ပိတ်ပွဲအခမ်းအနားတွင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာနှင့် ပညာရေးဝန်ကြီးဌာနဝန်ကြီး (Minister of State) H.E. Dr. Rajkumar Ranjan Singh၊ ဘင်းမ်စတက်နိုင်ငံများ၏ အတွင်းရေးမှူးချုပ် H.E. Mr. Tenzin Lekphell၊ အိန္ဒိယနိုင်ငံကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Mr. Mehul Mohanka နှင့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမိုးကျော်အောင်အပါအဝင် ဘင်းမ်စတက်နိုင်ငံများမှ သံတမန်အကြီးအကဲများက အမှာစကားပြောကြားကြသည်။ ပြည်ထောင်စုဝန်ကြီးသည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ကျင်းပသော “Textiles and Garments” ဖိုရမ်နှင့် “Financial Inclusion, Technology and Regulatory Framework” ဖိုရမ်များသို့လည်း တက်ရောက်အားပေးသည်။

**ဆွေးနွေးပြောကြား**

အဆိုပါ Textiles and Garments ဖိုရမ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်နှင့် Financial Inclusion, Technology and Regulatory Framework ဖိုရမ်တွင် မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း အတွင်းရေးမှူးချုပ် ဒေါ်ချောခင်ခင်တို့က Panelist များအဖြစ် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃)တွင် ဆွေးနွေးရရှိသော အကြံပြုချက်များအပေါ်အခြေခံ၍ ရှေ့လုပ်ငန်းစဉ်စီမံချက်ရေးဆွဲရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇွန် ၁၅

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂တွင် မေ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေး ညီလာခံ(၂၀၂၃)မှ ဆွေးနွေးရရှိသော အကြံပြုချက်များအပေါ်အခြေခံ၍ ရှေ့လုပ်ငန်းစဉ်စီမံချက်ရေးဆွဲရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးညီလာခံ ကျင်းပခဲ့သည့် သုံးရက်တာကာလအတွင်း ပါဝင်တက်ရောက်သူ ၁၈၀၀ ကျော်ဖြင့် ပညာရေးဆိုင်ရာပြခန်းများဖွင့်လှစ်ခြင်း၊ အဖွဲ့လိုက် Panel discussion ဆွေးနွေးခြင်း၊ အဓိကခေါင်းစဉ် ခုနစ်ခုအလိုက် Parallel session များခွဲ၍ စာတမ်းများဖတ်ကြားခြင်း ဆောင်ရွက်ကာ ခေါင်းစဉ်အလိုက် ပြန်လည်သုံးသပ်ဆွေးနွေးခြင်း Plenary Session များကို ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ ဆွေးနွေးဆောင်ရွက်ချက်များမှ အနာဂတ်မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အကျိုးရှိသည့် အကြောင်းအရာများ၊ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဦးစားပေးနယ်ပယ်များကို ဆွေးနွေးဖော်ထုတ်နိုင်ခဲ့ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးညီလာခံ ကျင်းပရသော ရည်ရွယ်ချက်ခုနစ်ချက်ကို လမ်းညွှန်မှုပြုခဲ့ကြောင်း၊ အဆိုပါ ရည်ရွယ်ချက် ခုနစ်ချက်ကိုအခြေခံပြီး ဆွေးနွေးပွဲခေါင်းစဉ် ခုနစ်ခုချမှတ်ကာ ဆွေးနွေးခဲ့ခြင်းမှရရှိလာသော ရှေ့လုပ်ငန်းစဉ်အကြံပြုချက်များကို ရှေ့လုပ်ငန်းစဉ်စီမံချက်၊ အစီအမံများ စနစ်တကျရေးဆွဲပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ ပြန်လည်တင်ပြသွားရမည်ဖြစ်ကြောင်း၊ ညီလာခံအပြီးတွင် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီး ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် ရေတို၊ ရေရှည်အစီအမံ မူကြမ်းများကို ရေးဆွဲခဲ့ကြောင်း၊ အဆိုပါမူကြမ်းများကို ပိုမိုပြည့်စုံကောင်းမွန်အောင် ဖြည့်စွက်ပြင်ဆင်တည်းဖြတ်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကာ အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးဝန်ကြီးချုပ် သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲနှင့် စိုက်ပျိုးစရိတ်ထုတ်ချေးပေးအပ်ပွဲတက်ရောက်




ပုသိမ် ဇွန် ၁၅

မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့မွန်းလွဲပိုင်းက ဇလွန်မြို့နယ် ဖက်သောင်ကျေးရွာအုပ်စု တောင်သူဦးရွှေထူး၏ လယ်ယာမြေ (၁၂)ကေ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တောင်သူများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ဓနုဖြူမြို့နယ်၊ ကဥ္စနကျွန်းသာကုမ္ပဏီလီမိတက်၏ ၂၀၂၃-၂၀၂၄ ခုနှစ်မိုးစပါးရာသီအတွက် ကန်ထရိုက်လယ်ယာနှင့် မျိုးစေ့ထုတ်လယ်ယာတောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ထုတ်ချေးပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ ကဥ္စနကျွန်းသာကုမ္ပဏီလီမိတက်၏ ဓနုဖြူအခြေပြုဒေသတာဝန်ခံက ကန်ထရိုက်လယ်ယာ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများအား ဓာတ်မြေသြဇာနှင့် မျိုးစပါးများ ပေးအပ်ခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ် ထုတ်ချေးနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျောင်းကုန်းမြို့နယ် ကွင်းကြီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသို့သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ကျောင်းတက်ရောက် ပညာသင်ကြားနေမှုများနှင့် စာသင်ဆောင်လိုအပ်ချက်များကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆရာ ဆရာမများ၏ လိုအပ်ချက်များ တင်ပြမှုများအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကာ ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းကျေးရွာအုပ်စုရှိ တောင်သူဦးမျိုးမင်းဇော်၏ လယ်မြေနှစ်ကေ၌ ပြုလုပ်သည့် သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) ထည့်သွင်းနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကာ မိုးစပါးအထွက်နှုန်းတိုးတက်စေရေး ကြိုးစားစိုက်ပျိုးကြရန် မှာကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# နမ့်စန်မြို့နယ်၌ ပျိုးပင်ပေါင်း ၁၂၀၀ စုပေါင်းစိုက်ပျိုး

နမ့်စန် ဇွန် ၁၅

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်၏ ၂၀၂၃ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက မက်မွန်မုန်း ကျေးရွာအုပ်စု အမှတ်(၂)ကျေးရွာအနီး နမ့်စန်-ခိုလမ် ပြည်ထောင်စုကားလမ်းမကြီးဘေးတွင်ကျင်းပရာ အရှေ့ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်စိုးအောင်၊ နမ့်စန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်း နမ့်စန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကျော်ဝင်း၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများက ချယ်ရီပင်၊ မန်ကျည်းရှားပင်၊ ယူကလစ်ပင်နှင့် ရေသင်းဝင်ပင် ပျိုးပင်စုစုပေါင်း ၁၂၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။

# မြောင်းမြမြို့နယ်၌ သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်)ထည့်သွင်းခြင်းနှင့် တောင်သူပညာပေးဆွေးနွေး



မြောင်းမြ ဇွန် ၁၅

ဧရာဝတီတိုင်း ဒေသကြီး မြောင်းမြမြို့နယ်ရှိ မီးသွေးချောင်းကျေးရွာ တောင်သူဦးသန့်ဇင်ဦး၏ လယ်မြေငါးကေအား မြေဆီသြဇာထက်သန်စေရန် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) ထည့်သွင်းမြေမြှုပ်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ဆွေးနွေး

ဆက်လက်၍ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးချစ်ကိုနိုင်က မိုးစပါးတစ်ဧက ၁၀၀ တင်းနှုန်း ပိုမိုထွက်ရှိရေး၊ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) စိုက်ပျိုးရေး၂၀၂၃ ခုနှစ် မိုးစပါးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သွင်းအားစုများ ရယူ၍ စပါးအထွက်တိုးစေရန် ဆောင်ရွက်ရေး၊ မျိုးကောင်းမျိုးသန့် ပြောင်းလဲသုံးစွဲရေးတို့ကို ဆွေးနွေးသည်။

ထို့နောက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးနေဖြိုးမောင်က လယ်ယာမြေဥပဒေတွင် ပြဋ္ဌာန်းထားသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးနှင့် စည်းကမ်းချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ ပုံစံ(၇) လွှဲပြောင်းရောင်းချ ပေးကမ်းခြင်းများ၊ အမွေဆက်ခံခွင့်ကိစ္စရပ်များနှင့် အမည်ပြောင်းလဲခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသော မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှု ကော်မတီဝင်များက မိုးစပါးတစ်ဧက ၁၀၀ တင်းနှုန်း ပိုမိုထွက်ရှိရေးကို ဝိုင်းဝန်းဆွေးနွေးခဲ့ပြီး တောင်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးရာ ကော်မတီအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝေဝေ(မြောင်းမြ)**

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် ဇွန် ၁၅

နေပြည်တော်၊စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မိုခါမုန်တိုင်းဒဏ်သင့် ကျန်းမာရေးဝန်ထမ်းများအား ဆန်များထောက်ပံ့ပေးအပ်




နေပြည်တော် ဇွန် ၁၅

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည့် မိုခါမုန်တိုင်းဒဏ်သင့် ကျန်းမာရေးဝန်ထမ်းများအား ဆန်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

**ပြောကြား**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် မုန်တိုင်းမကျရောက်မီကတည်းက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ကြိုတင်ပြင်ဆင်ခဲ့မှုကြောင့် ကျန်းမာရေးအဆောက်အအုံများနှင့် စက်ပစ္စည်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုနည်းပါးခဲ့ကြောင်း၊ ကြိုတင်ဖွဲ့စည်းထားသည့် Rapid Response Team များကလည်း ရခိုင်ပြည်နယ်ရှိ မြို့နယ်အသီးသီးတွင် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိကြောင်း၊ မုန်တိုင်းအလွန်ကာလသည် မိုးတွင်းကာလဖြစ်သည့်အားလျော်စွာ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းရောဂါများ စသည်တို့ ကူးစက်ပြန့်ပွားမှုမရှိစေရေး လိုအပ်သည့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံ(infrastructure)နှင့် ကုသရေးပိုင်းဆိုင်ရာများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယနေ့အခမ်းအနားသည် ရခိုင်ပြည်နယ်ရှိ မိုခါမုန်တိုင်းဒဏ်သင့် ကျန်းမာရေးဝန်ထမ်းများအား အနယ်နယ်အရပ်ရပ်မှ ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းများက ပရဟိတစိတ်၊ မိသားစုစိတ်ဓာတ်ဖြင့် ပထမအကြိမ် စုပေါင်းလှူဒါန်းသည့် ငွေကျပ်သိန်း ၃၀၀ ကျော်တန်ဖိုးရှိ ဆန်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ စုပေါင်းစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ပါက မည်သည့်အခက်အခဲမဆို အောင်မြင်စွာ ဖြတ်ကျော်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဦးစီးဌာနအသီးသီးရှိ ဝန်ထမ်းမိသားစုများအတွက် ဆန်များထောက်ပံ့ပေးအပ်လှူဒါန်းပြီး ဝန်ထမ်းများကိုယ်စား ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း စစ်တွေမြို့သို့ရောက်ရှိကာ သင်တန်းကျောင်း ပြင်ဆင်ဆောင်ရွက်ပြီးစီးနေမှုအခြေအနေနှင့် သင်တန်းသား သင်တန်းသူများ စာသင်ကြားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စစ်တွေမြို့ တိုင်းရင်းဆေးရုံသို့ ရောက်ရှိပြီး အဆောက်အအုံ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် ပုသိမ်စက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများ ကွင်းဆင်းကြည့်ရှု



ပုသိမ် ဇွန် ၁၅

အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧရာရွှေဝါခန်းမ၌ ကျင်းပသည့် မြန်မာလုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

**သွားရောက်စစ်ဆေး**

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်စက်မှုဇုန်ရှိ Dong Long Pathein အထည်ချုပ်စက်ရုံနှင့် ပုသိမ်စက်မှုမြို့တော်ရှိ Vent D'est အထည်ချုပ်စက်ရုံများသို့ သွားရောက်စစ်ဆေးကြည့်ရှုရာ စက်ရုံတာဝန်ခံများက လုပ်ငန်းခွင်တည်ငြိမ် အေးချမ်းရေးနှင့် ကုန်ထုတ်စွမ်းအား တိုးတက်စေရေးအတွက် အလုပ်သမားရေးရာ ညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်နေမှု၊ အလုပ်သမားအဖွဲ့အစည်းနှင့် စက်ရုံတွင်း အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ဖွဲ့စည်းဆောင်ရွက်နေမှု၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယဝန်ကြီးက လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး၊ လုပ်ငန်းခွင် မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါရရှိခံစားမှု လျော့နည်းကျဆင်းစေရေး ဦးစီးဌာန၏ အမိန့်နှင့် ညွှန်ကြားချက်များ၊ စစ်ဆေးရေးအရာရှိများ၏ အကြံပြုချက်များကို သိရှိလိုက်နာ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်စေရန် WCC အဖွဲ့များမှ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်နေမှုကို ပုံမှန်ဆောင်ရွက်ရန်လိုကြောင်း၊ ကျွမ်းကျင်လုပ်သားမွေးထုတ်ပေးခြင်းဖြင့် လုပ်သားများ၏ လူမှုစီးပွားဘဝကို တိုးတက်စေနိုင်ပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အပံ့ ရရှိနိုင်သဖြင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့် ဆောင်ရွက်ရန်လိုကြောင်း။

အလုပ်သမားရေးရာ အငြင်းပွားမှုများ လျော့နည်းကျဆင်းစေရေး၊ မျှတသည့် အလုပ်သမားရေးရာဆက်ဆံမှု ထူထောင်နိုင်ရေး၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)နှင့် အလုပ်သမား အဖွဲ့အစည်းများသည် အလုပ်ရှင်နှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်း မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဓာတ်ခွဲနမူနာစုစုပေါင်း ၆၇၁၁ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၁ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၅-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄–၆–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅–၆–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၇၁၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၁)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၀၆) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၇၆၁,၅၃၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၉,၈၆၃) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၈,၈၂၂) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



# စက်မှုကုန်ကြမ်း(ဝါး)စိုက်ခင်း စီစစ်ထောက်ခံချက်ပြုရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၁၅

စက်မှုကုန်ကြမ်း(ဝါး)စိုက်ခင်း စီစစ်ထောက်ခံချက်ပြုရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပခဲ့သည်။

ညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ နေပြည်တော်သစ်တောဦးစီးဌာနနှင့် နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ကော်မတီအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် နေပြည်တော် သစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးညွန့်ဝင်းနှင့် နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ထူးတို့က Naraindara Co.,ltd. မှ မျှစ်ခြောက်စက်ရုံအတွက် ဝါးစိုက်ခင်း တည်ထောင်ရန် မြေလွတ်၊ မြေရိုင်းများ လျှောက်ထားမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့၏ လက်နက်ကြီးများဖြင့်ပစ်ခတ်မှုကြောင့် ကော့ကရိတ်မြို့ ဇေတဝန်ရာမဘုန်းတော်ကြီးကျောင်းမှ ဆရာတော် တစ်ပါး ထိခိုက်ဒဏ်ရာများရရှိ

နေပြည်တော် ဇွန် ၁၅

အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုတို့ထိတ်လန့်မှုများဖြစ်စေရန် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာ သာသနာပိုင်အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်း၊ တံတားများနှင့် စာသင်ကျောင်းများကို အကြမ်းဖက်တိုက်ခိုက်ခြင်း၊ ရဟန်းသံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့အရပ်သားပြည်သူများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့တွင်လည်း KKO(ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၂) ရပ်ကွက်အတွင်းသို့ မြို့၏မြောက်ဘက်မီတာ ၂၀၀၀ ခန့်မှ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် နယ်မြေခံတပ်ရင်းဌာနချုပ်က လက်နက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများသည် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။




KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့၏ လက်နက်ကြီးများဖြင့်ပစ်ခတ်မှုကြောင့် ဇေတဝန်ရာမ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော် တစ်ပါး ထိခိုက်ဒဏ်ရာများရရှိစဉ်။

ဖြစ်စဉ်တွင် အကြမ်းဖက်သမားများပစ်ခတ်ခဲ့သည့် လက်နက်ကြီးဖုံးသီးများသည် ရပ်ကွက်အတွင်းရှိ ဇေတဝန်ရာမ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းနှင့် ပင်မကျောင်းဆောင်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ကျောင်းဆောင်ပေါ်တွင် သီတင်းသုံးနေသည့် ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တ ကောဝိဒတွင် လက်နက်ကြီး ထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဆရာတော်အား ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

ထိုသို့အပြစ်မဲ့အရပ်သားပြည်သူများနေထိုင်ရာ မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## တပ်မတော်(လေ)မှ လေ့ကျင့်ရေးရဟတ်ယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် စက်ချို့ယွင်းကာ မတော်တဆမှု ဖြစ်ပွား

နေပြည်တော် ဇွန် ၁၅

တပ်မတော်(လေ)မှ လေ့ကျင့်ရေးရဟတ်ယာဉ်တစ်စင်းသည် ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်မှူးတစ်ဦးနှင့် သင်တန်းသားတစ်ဦး လိုက်ပါ၍ နေပြည်တော်မှ မိတ္ထီလာသို့ လေ့ကျင့်ပျံသန်းလျက်ရှိစဉ် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် လယ်ဒါကြီးကျေးရွာ၏ အနောက်တောင်ဘက် ငါးမိုင်ခန့်အကွာသို့အရောက်၌ ရုတ်တရက် စက်ချို့ယွင်းမှုဖြစ်ပေါ်ခဲ့ပြီး မြေပြင်သို့ ပြုတ်ကျမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်ဖြစ်ပွားမှုကြောင့် ရဟတ်ယာဉ်ပေါ်၌ လိုက်ပါလာသည့် ရဟတ်ယာဉ်မှူးနှင့် သင်တန်းသားတို့မှာ ကျဆုံးခဲ့ရကြောင်းသိရှိရပြီး ရဟတ်ယာဉ်ပျက်စီးခဲ့ရသည်။ ၎င်းတို့၏ ရုပ်အလောင်းများအား နီးစပ်ရာတပ်မတော်ဆေးရုံသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



စိုင်းလှဟန်နှင့် စိုင်းစိန်လင်းတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ကမာရွတ်မြို့နယ်တွင် ငွေကျပ်သိန်း ၉၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသိန်း သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၅

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် ငွေကျပ်သိန်း ၉၀၀၀ တန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြား ကိုးသိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် (၃)ရပ်ကွက် ပတ္တမြားလမ်းရှိ စိုင်းလှဟန်၏နေအိမ်ကို သတင်းအရရှာဖွေရာ စိုင်းလှဟန်နှင့် စိုင်းစိန်လင်းတို့ကို ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၉၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိစိတ်ကြွရူးသွပ်ဆေးပြားများကို ရန်ကုန်မြို့ရှိ KTV/ CLUB/ BAR နှင့် စားသောက်ဆိုင်များတွင် လူငယ်များအား ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင်အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၅)ရပ်ကွက်နေ ကျော်ရဲဇင်(ခ) ကျော်ကြီးနှင့် ၎င်း၏ဇနီးဖြစ်သူ ဇင်နှင်းထက်(ခ)ထက်ထက်တို့သည် ၎င်းတို့အသုံးပြုသည့် "Kyaw Yezin" Facebook အကောင့်နှင့် "Htet Htet" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၁)ရပ်ကွက်နေ ဇော်ထွန်းသည် ၎င်းအသုံးပြုသည့် "Htun Htun" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဘုရားကြီးရပ်ကွက်နေ ချောစုလှိုင်သည် ၎င်းအသုံးပြုသည် "Chaw Su Hlaing" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ခ)ရပ်ကွက်နေ သက်ထားနွယ်သည် ၎င်းအသုံးပြုသည့် "Thet Htar Nwe" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဇွန် ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၇-၆-၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၂၄) တွင် ကြိုးစားအားထုတ်မှုကြောင့် သူ၏ဆွေမျိုးများထဲတွင် နာမည်ကြီးသွားခဲ့သော ကြက်ကလေးပီပီအကြောင်းကို ရေးဖွဲ့ထားသည့် "နာမည်ကြီးချင်တဲ့ ကြက်ကလေး ပီပီ" မျက်နှာဖုံးဇာတ်လမ်း၊ ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်လာသော သဘော်အမျိုးမျိုးအကြောင်းကို ဗဟုသုတရဖွယ် ရေးဖွဲ့ထားသည့် "ခေတ်အဆက်ဆက် သင်္ဘောအမျိုးမျိုး" သုတဆောင်းပါးကဏ္ဍ၊ ကစားမက်လွန်းသော ဖြိုးရဲအကြောင်းကို ရေးဖွဲ့ထားသည့် "ဖြိုးရဲ-ပျင်းတော့ဝတ်" နှစ်မျက်နှာကာတွန်း၊ မည်သည့်ပညာရပ်မဆို ကြိုးစားသင်ယူပါကတစ်နေ့တွင် အောင်မြင်မှုရနိုင်ကြောင်း ရေးဖွဲ့ထားသည့် "တစ်နေ့ဖြစ်ရမည်" ဝတ္ထုကဏ္ဍ၊ ကျောင်းပိတ်ရက်တွင် ... သူငယ်ချင်းများက နိုင်ငံခြားဘာသာစကားပြောသင်တန်းများ တက်ရောက်နေကြသော်လည်း အပျင်းထူကာ အအိပ်မက်နေသော ချစ်ဖွဲ့အကြောင်းကို ရေးဖွဲ့ထားသည့် "ချစ်ဖွဲ့ပါဝင်သည့်ငါကတော့" တစ်မျက်နှာကာတွန်း၊ ဉာဏ်ရည်ထက်မြက်မှုရှိပြီး လုံ့လဝီရိယထားကာ ကြိုးစားမှုကြောင့် နာမည်ထင်ရှားသည့် သံဃာတစ်ပါးဖြစ်သွားသော ကိုရင်တုတ်ပေါ်အကြောင်းကို ရေးဖွဲ့ထားသည့် ဆရာမ မေဇွန်အေး၏ "ကိုရင်တုတ်ပေါ်" ပုံပြင်ကဏ္ဍ၊ဝီရိယနည်းပါး၍ ငှက်မုဆိုး၏ ပိုက်ကွန်တွင်မိရာမှ ပညာရှိငှက်ကြီး၏ အကြံဉာဏ်ကောင်းမွန်မှုကြောင့် လွတ်မြောက်ခဲ့ရသော ငှက်များအကြောင်းကို ရေးဖွဲ့ထားသည့် ကာတွန်းရွှေရိုး၏ "စောသေးလို့" နှစ်မျက်နှာကာတွန်း၊ ကျောင်းသားတစ်ယောက်က အိမ်စာကို အချိန်မီမတင်နိုင်၍ ပါမောက္ခကြီးထံ သွားရောက်ရှင်းပြသည်ကို အပြန်အလှန်ပြောဆိုပုံအမျိုးမျိုးဖြင့် တင်ဆက်ထားသည့် ဆရာKML ၏ "ရွှေသွေးစကားဝိုင်း"ကဏ္ဍ၊ ကလေးလက်ရာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



## ကုန်သွယ်/စီးပွား

# ပြည်ပနိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲတင်ပို့ရာတွင် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး

ရန်ကုန် ဇွန် ၁၅

ပို့ကုန်ကဏ္ဍတွင် ဆန်စပါးကဏ္ဍသည် အရေးပါသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပါအဝင် ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့ရာတွင် လိုက်နာဆောင်ရွက်ရမည့် Sanitary and Phytosanitary–SPS Protocol ဆိုင်ရာ လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၁၄ ရက်က လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ ပြုလုပ်သည်။



အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန နည်းပညာဆိုင်ရာလုပ်ငန်းကော်မတီ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်လင်းနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ကမ္ဘာ့ကုန်သွယ်မှုအသိုင်းအဝိုင်းတွင် ဆက်စပ်လျက်ရှိသော အဖွဲ့အစည်းများနှင့် လုပ်ငန်းစဉ်များ Global Trading Environment၊ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အပင်ကျန်းမာရေးဆိုင်ရာ နည်းလမ်းများအတွက် ဦးဆောင်သောအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ၏ နယ်စပ်စစ်ဆေးရေးစခန်း ၁၆ ခု၏ လုပ်ငန်းစဉ်များ၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးဌာနစု၏ ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၊ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို စိုက်ပျိုးရေးဦးစီးဌာနက ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဆန်သိုလှောင်ရုံများတွင် လုပ်ကိုင်မည့်လုပ်သားများအတွက် ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပညာပေးခြင်း၊ ပိုးမွှားကာကွယ်ခြင်းနှင့် အဝတ်အစား စနစ်တကျဝတ်ဆင်ထားမှု အခြေအနေများ၊ ဆန်သိုလှောင်ရာ အခြေခံအဆောက်အအုံ လုံလောက်မှုအခြေအနေ၊ ကြွက်မဝင်စေရန် သန့်ရှင်းသောကြမ်းပြင်ထားရှိရန်၊ သိုလှောင်ရုံအတွင်း ကြွက်ထောင်ချောက်များထားရှိရန်နှင့် Light Trap များထားရှိမှုအခြေအနေ၊ ငှက်တားဆန်ခါထားရှိမှု အခြေအနေ၊ ပိုးကောင်များမကျရောက်ရန် မီးထောင်ချောက်များထားရှိမှုအခြေအနေ၊ ပစ္စည်းကိရိယာများ သန့်ရှင်းအောင်ထားရှိနိုင်ရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သတ်မှတ်ချက်အတိုင်း ပြည့်မီအောင် ဆောင်ရွက်နိုင်ရေး၊ ဆန်တွင် အခြားသောအပင်များ၊ ပိုးမွှားများမပါရှိစေရန် ဂရုစိုက်မှုအခြေအနေ၊ တရုတ်နိုင်ငံသို့ မတင်ပို့မီ မြန်မာ့ဆန်များတွင် ပိုးအရှင်များ၊ သိုလှောင်ဖျက်ပိုးများမပါရှိစေရန် အဆိပ်ငွေ့မှိုင်းတိုက်ခြင်းပြုလုပ်ရန်၊ ထုပ်ပိုးမှုအိတ်များ၊ Marking အမှတ်အသားများ ပြည့်စုံထင်ရှားစေမှုရှိစေရန်တို့ကို မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS) က ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် စားသုံးသူရေးရာဦးစီးဌာနမှ ဆန်စက် Unit များအပေါ် ကွင်းဆင်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပြီး မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်မှ တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့ရာတွင် ကုမ္ပဏီများမှ လိုက်နာဆောင်ရွက်ရမည့် သိုလှောင်ရုံတွင် ကုန်ပစ္စည်းသိုလှောင်ထားရှိမှု စိစစ်ခြင်းနှင့် Pre–shipment Inspection (PSI) Certificate လျှောက်ထားရာတွင် လိုအပ်သည့် အချက်အလက်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မျိုးမင်းသူရ

# ပြည်တွင်းသာမက နိုင်ငံခြားဈေးကွက်ရှိသော မတ်ပဲသီးနှံကို တောင်သူများ ပိုမိုစိုက်ပျိုးလာ

စစ်ကိုင်း ဇွန် ၁၅

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မတ်ပဲသီးနှံ စိုက်ပျိုးမှု များပြားပြီး ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် မတ်ပဲစိုက်ပျိုးရန် လျာထားဧကအနေဖြင့် မိုး ၉၃၂၆ ဧက၊ ဆောင်း ၁၆၃၂၅၄ ဧက စုစုပေါင်းဧက ၁၇၂၅၈၀ ရှိပြီး စိုက်ဧကအနေဖြင့် မိုး ၈၉၇၈ ဧက၊ ဆောင်း ၁၆၄၃၆၉ ဧက စုစုပေါင်း ၁၇၃၃၄၇ ဧက စိုက်ပျိုးနိုင်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ယခင်နှစ် ကာလတူအချိန်၌ မတ်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၄၀၀၀ ရှိခဲ့ရာ ယခုနှစ်တွင် မတ်ပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ ပေါက်ဈေးရှိကြောင်း၊ မတ်ပဲ တစ်ဧကလျှင် ကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၃၈၁၅၀၀ ကုန်ကျပြီး၊ အထွက်နှုန်းအနေဖြင့် ၁၆ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀ ဈေးနှုန်းရရှိပြီး တစ်ဧကဝင်ငွေအနေဖြင့် ငွေကျပ် ၁၂၈၀၀၀၀ ရရှိသဖြင့် အကျိုးအမြတ်အနေဖြင့် ကိုးသိန်းခန့်ရရှိ၍ တောင်သူများအတွက် တွက်ခြေကိုက်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

စီးပွား/ကူးသန်း



# မိုင်းတုံမြို့နယ် နမ့်ဟူးခွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းတုံ ဇွန် ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် နမ့်ဟူးခွန်ကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၁၃ ရက်က တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်၊ မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်နှင့် တာဝန်ရှိသူများသည် နမ့်ဟူးခွန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ ၂၂၂

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၆-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၀ | ၂၀၂၀ | ၂၀၁၅ | ၁၉၈၀ | ၂၀၂၀ | ၂၀၄၀ | ၂၀၂၅ | ၂၀၀၅ | ၂၁၀၅ | ၂၁၂၀ | ၂၀၁၀ | ၂၀၂၀ | ၂၀၅၅ | ၂၀၆၀ | ၂၀၆၀ | ၂၂၉၀ | ၂၇၀၀ |
| 95 Ron | ၂၀၈၅ | ၂၁၃၅ | ၂၁၃၅ | ၂၀၉၅ | ၂၁၃၅ | ၂၁၆၀ | ၂၁၄၀ | ၂၁၂၀ | ၂၂၂၀ | ၂၂၃၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၇၀ | ၂၁၇၅ | ၂၁၇၅ | ၂၄၀၅ | ၂၈၀၅ |
| HSD (500 ppm) | ၁၉၁၀ | ၁၉၆၀ | ၁၉၆၀ | ၁၉၂၀ | ၁၉၆၀ | ၁၉၈၅ | ၁၉၈၀ | ၁၉၄၅ | ၂၀၆၅ | ၂၀၆၀ | ၁၉၅၀ | ၁၉၆၅ | ၁၉၉၅ | ၂၀၀၀ | ၂၀၀၀ | ၂၂၃၀ | ၂၈၀၅ |
| HSD (50 ppm) | ၁၉၉၀ | ၂၀၄၀ | ၂၀၄၀ | ၂၀၀၀ | ၂၀၄၀ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၅ | ၂၁၄၅ | ၂၁၄၀ | ၂၀၃၀ | ၂၀၄၅ | ၂၀၇၅ | ၂၀၈၀ | ၂၀၈၀ | ၂၃၁၀ | ၂၈၆၅ |
| HSD (10 ppm) | ၁၉၉၀ | ၂၀၄၀ | ၂၀၄၀ | ၂၀၀၀ | ၂၀၄၀ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၅ | ၂၁၄၅ | ၂၁၄၀ | ၂၀၃၀ | ၂၀၄၅ | ၂၀၇၅ | ၂၀၈၀ | ၂၀၈၀ | ၂၃၁၀ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၈ | ၁၉၃၉ |
| 95 Ron | ၁၉၈၀ | ၂၀၅၃ |
| HSD (500 ppm) | ၁၈၁၄ | ၁၈၈၀ |
| HSD (50 ppm) | ၁၈၈၈ | ၁၉၅၅ |
| HSD (10 ppm) | ၁၈၈၈ | ၁၉၅၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဗိုလ်တထောင်မြို့နယ်အတွင်း ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ရှင်းလင်း

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်အတွင်း 33kV သီတာ–နေကြာဓာတ်အားလိုင်းတစ်လျှောက်၊ စန္ဒကူးလမ်း၊ ကုန်သည်လမ်း၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းရှိဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသောသစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို ယနေ့နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင်လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ အရှေ့ပိုင်းခရိုင်လျှပ်စစ်အင်ဂျင်နီယာနှင့် ဗိုလ်တထောင်မြို့နယ်လျှပ်စစ်မန်နေဂျာ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က အနီးကပ်ကြပ်မတ်၍ အရှေ့ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာရုံးကွပ်ကဲမှုအောက်ရှိမြို့နယ်ရှစ်မြို့နယ်မှ စုဖွဲ့အင်အား ၆၅ ဦး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဝန်ထမ်း၁၅ ဦး၊ အမှိုက်သိမ်းယာဉ်လေးစီး၊ ပလက်ဖောင်းထရပ်ယာဉ်တစ်စီးတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချစ်ဆောင်(YESC)



# နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာမြို့နှင့် သံတွဲမြို့တို့ရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ သွားရောက်ဖူးမြော်လေ့လာ

**နေပြည်တော် ဇွန် ၁၅**

နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များအား တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ အနားယူအပန်းဖြေခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေနှင့် ရခိုင်ပြည်နယ် ငပလီကမ်းခြေများသို့ တပ်မတော်လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ဇွန် ၁၁ ရက်တွင် ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ အနားယူအပန်းဖြေခရီးစဉ်သွားရောက်ခဲ့သည့် အဖွဲ့များမှ ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ သွားရောက်ခဲ့သည့် အဖွဲ့သည် ကမ်းခြေလမ်းလျှောက်ခြင်းနှင့် ကိုယ်လက်ကျန်းမာရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ သဲသောင်ပြင်အားကစားများ ဆောင်ရွက်ခြင်း၊ အနားယူ အပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောဘုရားကြီး ချောင်းသာမြို့ရှိ ကျောက်မောင်နှမစေတီ၊ တဂေါင်းဘုရား၊ လေးကျွန်းရန်အောင် ဖောင်တော်ဦးဘုရားတို့အား ဖူးမြော်ကြည်ညိုခြင်း၊ ချောင်းသာသဲဖြူကျွန်း၊ ရွှေသောင်ယံ၊ အဏ္ဏဝါသိပ္ပံ၊ ပုသိမ်ဟာလဝါလုပ်ငန်းနှင့် ပုသိမ်ထီးလုပ်ငန်း စသည့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

**သွားရောက်လေ့လာ**

အလားတူ ရခိုင်ပြည်နယ် ငပလီကမ်းခြေသို့ သွားရောက်ခဲ့သည့်အဖွဲ့သည် ကမ်းခြေ၌ လမ်းလျှောက်ခြင်းနှင့် ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ သဲသောင်ပြင်တွင် ဘောလုံးအားကစားများ ဆောင်ရွက်ခြင်း၊ အနားယူအပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြပြီး သံတွဲမြို့ရှိ မဒေးတောင်ဘုရား၊ ဆံတော်၊ အံတော်၊ နံတော် ဘုရားများသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပုလဲကျွန်း၊ ပေါင်ဝန်တံတား၊ ငပလီဈေး၊ ငပလီကမ်းခြေများ စသည့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ကြသည်။

ထိုကဲ့သို့ ဇွန် ၁၁ ရက်မှ ယနေ့အထိ ငါးရက်ကြာ အနားယူအပန်းဖြေခရီးစဉ် သွားရောက်ခဲ့သည့်အဖွဲ့များသည် ယနေ့တွင် စုရပ်နေရာများဖြစ်သည့် နေပြည်တော် ကောင်စီနယ်မြေနှင့် ရန်ကုန်တိုင်းဒေသကြီးတို့သို့ ပြန်လည်ရောက်ရှိကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

အဆိုပါ အနားယူအပန်းဖြေခရီးစဉ်သွားရောက်ခဲ့သည့် အရာရှိ၊ စစ်သည်များအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အလိုက်တိုင်းမှူးများ၊ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ဒေသအသီးသီးရှိ တန်ခိုးကြီး ဘုရားစေတီများ၊ အထင်ကရနေရာများ၏ ဗဟုသုတဖြစ်ဖွယ်ရာ အကြောင်းအရာများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသခြင်းများကို ဆောင်ရွက်ပေးခဲ့ရာ အရာရှိ၊ စစ်သည်များ အနေဖြင့် စိတ်လက်ပေါ့ပါးစွာ ဒေသန္တရဗဟုသုတများကို လေ့လာခဲ့ကြပြီး ၎င်းတို့အတွက် လွန်စွာအကျိုးရှိခဲ့သည့် ခရီးစဉ် တစ်ခုဖြစ်ခဲ့ကြောင်းနှင့် ယခုကဲ့သို့ အပန်းဖြေခရီးစဉ်သွားရောက်နိုင်ရေး စီစဉ်ပေးခဲ့သည့် တပ်မတော်အကြီးအကဲများကိုလည်း ကျေးဇူးအထူးတင်ရှိကာ စိတ်ဓာတ်ခွန်အားများ ပိုမိုရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန် တရုတ်နှင့် ဗြိတိန်နိုင်ငံတို့သို့ သွားရောက်မည်

**ဝါရှင်တန် ဇွန် ၁၅**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန်သည် တရုတ်နှင့် ဗြိတိန်နိုင်ငံတို့သို့ ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ သွားရောက်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ကြေညာသည်။

ဘလင်ကန်သည် မြို့တော်ပေကျင်း၌ တရုတ်အကြီးတန်းအရာရှိများနှင့် တွေ့ဆုံမည်ဖြစ်ပြီး အမေရိကန်-တရုတ် နှစ်နိုင်ငံ ဆက်ဆံရေးကို စီမံခန့်ခွဲရန်အတွက် ပွင့်လင်းသော ဆက်သွယ်ရေးလမ်းကြောင်းကို ထိန်းသိမ်းရန် ဆွေးနွေးပြောကြားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောသည်။

အဆိုပါခရီးစဉ်သည် အမေရိကန် ထိပ်တန်းသံတမန်တစ်ဦးအဖြစ် တရုတ်နိုင်ငံသို့ ဘလင်ကန်၏ ပထမဆုံးခရီးစဉ် ဖြစ်လာမည်ဖြစ်သည်။

ဘလင်ကန်သည် ဖေဖော်ဝါရီလအတွင်း၌ တရုတ်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားသော်လည်း တရုတ်နိုင်ငံ၏ မီးပုံးပျံတစ်ခု အမေရိကန်နိုင်ငံပိုင်နက်အတွင်းသို့ ပျံသန်းရောက်ရှိခဲ့ပြီးနောက် ခရီးစဉ်ကို ရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။

အလားတူ ဘလင်ကန်သည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်သို့ ဆက်လက် ခရီးထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ပြင်သစ်နိုင်ငံ၏ ဉာဏ်ရည်တုနည်းပညာကဏ္ဍတွင် ယူရိုသန်း ၅၀၀ ထပ်မံရင်းနှီးမြှုပ်နှံသွားမည်

**ပါရီ ဇွန် ၁၅**

ပြင်သစ်နိုင်ငံ၏ ဉာဏ်ရည်တုနည်းပညာကဏ္ဍ လျင်မြန်အားကောင်းလာစေရေးအတွက် ယူရိုသန်း ၅၀၀ ထပ်မံရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သမ္မတမက်ခရွန်က နည်းပညာပြပွဲတစ်ခုတွင် ယနေ့ပြောကြားသည်။

၎င်းငွေကြေးဖြင့် ဉာဏ်ရည်တုနည်းပညာဆိုင်ရာပညာရှင်အဖွဲ့ငါးဖွဲ့မှ ဆယ်ဖွဲ့အထိ ဖွဲ့စည်းသွားမည်ဖြစ်ပြီး ကမ္ဘာ့အဆင့်မီ ဉာဏ်ရည်တု နည်းပညာဆိုင်ရာ စင်တာသုံးခုအား ပြင်သစ်နိုင်ငံတွင်တည်ထောင်သွားမည်ဟု ၎င်းက မှတ်ချက်ပြုသည်။

ထို့ပြင် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ စည်းမျဉ်းများကိုလည်း သတ်မှတ်ရမည်ဖြစ်ကြောင်း ဥရောပ၏ အကြီးဆုံးနည်းပညာပြပွဲဖြစ်သည့် ဗီဗာနည်းပညာပြပွဲတွင် ၎င်းက ပြောကြားသည်။

**ချဲ့ထွင်သွားမည်**

ပြင်သစ်နိုင်ငံအတွင်းရှိ စက်မှုလုပ်ငန်းများ၏ သုတေသနနှင့် တီထွင်ဆန်းသစ်ခြင်းလုပ်ငန်းများကို အဆင့်မြှင့်တင်ပြီး ဉာဏ်ရည်တု နည်းပညာဆိုင်ရာ စည်းမျဉ်းများ၏ နယ်ပယ်ကိုလည်း ချဲ့ထွင်သွားမည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ဉာဏ်ရည်တုနည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုများကို လျှော့ချခြင်းမပြုဘဲ မှန်ကန်သည့်လုပ်ငန်းမူဘောင်ဖြင့် လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မိုးခေါင်ရေရှားမှုနှင့် သီးနှံပျက်စီးမှုများဖြစ်လာနိုင်

**ဂျကာတာ ဇွန် ၁၅**

အင်ဒိုနီးရှားနိုင်ငံ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မိုးခေါင်ရေရှားမှုနှင့် သီးနှံပျက်စီးမှုများဖြစ်လာနိုင်ကြောင်း စိုက်ပျိုးရေးဝန်ကြီး ဆာဟရူး ယာဆင်လင်ပိုက ပြောသည်။

အဆိုပါဖြစ်စဉ်ကြောင့် စိုက်ပျိုးမြေဧက ၈၇၀၀၀၀ ခန့် ပျက်စီးမည်ဖြစ်သည်။

နိုင်ငံအတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးခေါင်ရေရှားမှုနှင့် ပိုးမွှားတိရစ္ဆာန်များ၏ သီးနှံဖျက်ဆီးမှုများကို ကြုံတွေ့ရမည်ဖြစ်ကြောင်း ပါလီမန်အစည်းအဝေး၌ ၎င်းက မှတ်ချက်ပြုသည်။ အင်ဒိုနီးရှားနိုင်ငံ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် ယခုနှစ်နှစ်ဝက်မှ စတင်ဝင်ရောက်မည်ဖြစ်ကြောင်း အင်ဒိုနီးရှား မိုးလေဝသဌာနက ပြောသည်။

နိုင်ငံအတွင်း စားနပ်ရိက္ခာထုတ်လုပ်မှုကို ထိန်းသိမ်းရန် အင်ဒိုနီးရှားအစိုးရသည် မိုးခေါင် ရန်အလားအလာရှိသော စိုက်ပျိုးမြေများကို ဖော်ထုတ်ကာ ၎င်းနေရာများတွင် သီးနှံစိုက်ပျိုးရေးကို တိုးချဲ့ဆောင်ရွက်သွားမည်ဟု သိရသည်။ ထို့ပြင် လယ်သမားများအတွက် လိုအပ်သည့်စိုက်ပျိုးရေးကိရိယာများကို ပံ့ပိုးသွားမည်ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အွန်လိုင်းမှထိုးကြမည် အောင်ဘာလေသိန်းဆုထီ

တွေ့ဆုံမေးမြန်း
ထက်လျှံ

အောင်ဘာလေသိန်းဆုထီလက်မှတ်များကို ပုံနှိပ်ပြီး ရောင်းချသည့်စနစ်အပြင် ပြောင်းလဲတိုးတက်လာသည့် ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိစေရန်၊ အောင်ဘာလေ အွန်လိုင်း အက်ပလီကေးရှင်းမှတစ်ဆင့် လွယ်ကူစွာထီကံစမ်းနိုင်ရန် အောင်ဘာလေအွန်လိုင်းထီစနစ်ကို ပြည်သူများအတွက် ဇွန်လ ၈ ရက်နေ့တွင် စတင်မိတ်ဆက်ခဲ့သည်။

တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ ပြည်သူတို့ကျန်းမာပျော်ရွှင်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အောင်ဘာလေအွန်လိုင်းထီစနစ်သည် တစ်ခုအပါအဝင်ဖြစ်သည်။

အက်ပလီကေးရှင်းကို အသုံးပြုပြီး ထီလက်မှတ်ဝယ်ယူခြင်း၊ ထီဖိုးငွေပေးချေခြင်းမှစပြီး ဆုငွေရယူခြင်းအထိ လွယ်ကူစွာဆောင်ရွက်နိုင်မည်ဖြစ်သလို ထီတိုက်ရန်မလိုဘဲ ကံထူးသူ၏ မိုဘိုင်းတယ်လီဖုန်းကို SMS ပေးပို့အကြောင်းကြားကာ ထီဆုငွေထုတ်ယူရာတွင် မှန်ကန်လွယ်ကူစေရေးအတွက် ပမာဏနည်းသည့်ဆုကြေးငွေများကို အွန်လိုင်းမှ လွှဲပြောင်းပေးခြင်း၊ ထီကံထူးသူ၏ ဘဏ်ငွေစာရင်းအကောင့်သို့ ပေးပို့ခြင်းများကို အီလက်ထရွန်နစ်နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ ညွှန်ကြားရေးမှူး ဦးညီညီလှိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဇွန်လ ၈ ရက်နေ့က စုဘူးအတွင်းသို့ အောင်အတိတ် အောင်နိမိတ်ဆောင် အောင်မင်္ဂလာ ရွှေဒင်္ဂါးကို ထည့်သွင်း၍ အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ်သစ်ကြီးကို စတင်ဖွင့်လှစ်ပေးစဉ်။

မေး။ ။ အောင်ဘာလေထီကို အွန်လိုင်းက ကံစမ်းနိုင်ဖို့ ဆောင်ရွက်ရပုံအဆင့်ဆင့်ကို ပြောကြားပေးစေလိုပါတယ်။

ဖြေ။ ။ ထီကံစမ်းလိုသူ ပြည်သူတွေအနေနဲ့ အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ်ကနေ ထီလက်မှတ်တစ်စောင်ကို ငွေကျပ် ၁၀၀၀ နဲ့ ဇွန်လ ၈ ရက်နေ့ကစတင်ပြီး ဝယ်ယူကံစမ်းနိုင်ပြီဖြစ်ပါတယ်။ Application ကို အသုံးပြုပြီး ထီထိုးဖို့အတွက် Application ကို Download ရယူခြင်း၊ Application ကို ဝင်ရောက်ပြီး Account ဖွင့်လှစ်ခြင်းတို့ကို ကနဦးဆောင်ရွက်ရမှာဖြစ်ပါတယ်။ Aung Bar Lay Application ကို aungbarlay.ird.gov.mm ကနေ အလွယ်တကူ Download ရယူနိုင်သလို QR Code ကိုဖတ်ပြီး Download ရယူနိုင်မှာဖြစ်ပါတယ်။

Application ကို Download ရယူပြီးရင် Appli–cation ကိုဝင်ရောက်ပြီး Account ဖွင့်လှစ်ရမှာဖြစ်ပါတယ်။ အကောင့်ဖွင့်ချိန်မှာ မိမိရဲ့ဖုန်းနံပါတ်ကိုသာ ဖော်ပြဖို့လိုအပ်ပြီး ထီပေါက်တဲ့အချိန်မှသာ ထီဆုငွေထုတ်ယူဖို့ မိမိရဲ့နိုင်ငံသားစိစစ်ရေးကတ်အမှတ် ဖော်ပြပေးဖို့ လိုအပ်ပါတယ်။ အကောင့်ဖွင့်လှစ်ပြီးရင် စနစ်ထဲဝင်ရောက်ပြီး အွန်လိုင်းထီကို ကံစမ်းလို့ရပါပြီ။

အွန်လိုင်းထီကံစမ်းရာမှာ ပထမအဆင့်အနေနဲ့ ထီလက်မှတ်ဝယ်ယူဖို့ကဏ္ဍကို ရွေးချယ်ရမှာဖြစ်ပါတယ်။ ဒုတိယအဆင့်အနေနဲ့ အက္ခရာနဲ့နံပါတ်တို့ကို ရွေးချယ်အတည်ပြုရမှာဖြစ်ပါတယ်။ ထီလက်မှတ်ရွေးချယ်ရာမှာ မိမိကြိုက်နှစ်သက်ရာ အက္ခရာနဲ့ နံပါတ်တို့ကို ရွေးချယ်ကံစမ်းတာ၊ စနစ်မှ အလိုအလျောက် ရွေးချယ်ပေးတဲ့ သုံးစောင်တွဲ၊ ငါးစောင်တွဲ၊ ၁၀ စောင်တွဲတို့ကို ဝယ်ယူကံစမ်းတာတို့ကို တစ်ကြိမ်ကို အနည်းဆုံးတစ်စောင်မှ အများဆုံး ၁၀ စောင်အထိ အကြိမ်အရေအတွက် ကန့်သတ်ချက်မရှိ ထီလက်မှတ်တွေကို ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။

ဇွန်လမှာရောင်းချတဲ့ အွန်လိုင်းထီလက်မှတ်အတွက် ဆ မှ ဋ အထိ အက္ခရာခြောက်လုံးသတ်မှတ်ပေးထားတာဖြစ်တဲ့အတွက် အွန်လိုင်းထီကံစမ်းသူတွေအနေနဲ့ ဆ မှ ဋ အထိ အက္ခရာခြောက်လုံးထဲကသာ ရွေးချယ်ခွင့်ရှိမှာဖြစ်ပါတယ်။ မိမိကံစမ်းလိုတဲ့ အက္ခရာနဲ့ နံပါတ်တို့ကို ရွေးချယ်အတည်ပြုပြီးရင် တတိယအဆင့်အနေနဲ့ မိမိနှစ်သက်ရာ ငွေပေးချေမှုစနစ်တစ်ခုကို ရွေးချယ်ပြီး ငွေပေးချေရမှာဖြစ်ပါတယ်။ ငွေပေးချေမှု အောင်မြင်ပြီးရင် ဝယ်ယူမှု အောင်မြင်ကြောင်း SMS လက်ခံရရှိမှာဖြစ်ပြီး အွန်လိုင်းထီဝယ်ယူတဲ့ လုပ်ငန်းစဉ်ပြီးမြောက်ပြီဖြစ်ပါတယ်။

မေး။ ။ နည်းပညာပိုင်းမှာအားနည်းတဲ့သူတွေပါ လွယ်လင့်တကူ ကံစမ်းလို့ရအောင် ဘယ်လိုဆောင်ရွက်ထားပါသလဲ။

ဖြေ။ ။ Service Provider ဘက်က ပြောကြားချက်အရ မည်သူမဆို အလွယ်တကူ အသုံးပြုနိုင်စေဖို့ User Interface နဲ့ Graphic User Interface တွေကို ရှင်းလင်းလွယ်ကူအောင် ပြင်ပမှာ ဝယ်ယူရတဲ့သဘာဝနဲ့လည်း အများကြီးကွဲပြားမှုမရှိအောင် ပြင်ဆင်ထားပါတယ်။ Android နဲ့ iOS အက်ပလီကေးရှင်းတွေအပြင် ဖုန်းမော်ဒယ်အားလုံးမှာ အသုံးပြုနိုင်တဲ့ Webview Version ကိုလည်း ဆောင်ရွက်ထားတာကြောင့် မည်သူမဆို အလွယ်တကူ ထီထိုးကံစမ်းနိုင်မှာဖြစ်ပါတယ်။ ဒီလိုကံစမ်းရာမှာ မရှင်းလင်းတဲ့အချက်တွေကို အချိန်နဲ့တစ်ပြေးညီ မေးမြန်းနိုင်ဖို့ Customer Care Service ကိုလည်း ဆောင်ရွက်ထားရှိပါတယ်။

မေး။ ။ အွန်လိုင်းက ကံစမ်းရတဲ့အတွက် ဘယ်လိုအားနည်းချက်တွေ ရှိနိုင်ပါသလဲ။

ဖြေ။ ။ Service Provider ဘက်က ပြောကြားချက်အရ အချို့ဝေးလံခေါင်ဖျားဒေသတွေမှာ Internet Access မရှိခဲ့ရင် အွန်လိုင်းထီကံစမ်းလို့မရသလို ထီထိုးဖို့ အသုံးပြုမယ့် Device ကလည်း Keypad ဖုန်းဆိုရင် ကန့်သတ်ချက်ရှိနိုင်ပါတယ်။ E–Wallet / Digital Currency ကို အသုံးပြုမှုရင်းနှီးကျွမ်းဝင်အောင်နဲ့ easy access ဖြစ်အောင် လုပ်ဖို့ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ဖို့လိုပါတယ်။

မေး။ ။ အားသာချက်အနေနဲ့ ဘာတွေရရှိနိုင်မလဲရှင်။

ဖြေ။ ။ အောင်ဘာလေအွန်လိုင်းသိန်းဆုထီက လက်ရှိရောင်းချနေတဲ့ အောင်ဘာလေထီနဲ့မတူဘဲ နိုင်ငံတော်က သတ်မှတ်ထားတဲ့ ထီလက်မှတ်တန်ဖိုး တစ်ထောင်ကျပ်နဲ့ အချိန်မရွေး လွယ်ကူစွာဝယ်ယူကံစမ်းနိုင်တယ်။ ထီတိုက်ဖို့မလိုသလို ထီလက်မှတ်ကို ထိန်းသိမ်းဖို့လည်း မလိုပါဘူး။ အက္ခရာနဲ့ ဂဏန်းနံပါတ်တွေကို မိမိစိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ပြီး ကျပ် ၁၀ သိန်းအောက် ထီဆုငွေကို Application မှထုတ်ယူနိုင်တဲ့ အားသာချက်တွေရှိပါတယ်။

မေး။ ။ ချီးမြှင့်နေတဲ့ ထီဆုတွေအကြောင်း၊ ထီပေါက်ရင် ဘယ်လိုထုတ်ယူနိုင်တယ်ဆိုတာကိုလည်း ပြောကြားပေးစေလိုပါတယ်။

ဖြေ။ ။ ဇွန်လ ၁ ရက်နေ့ (၅၂) ကြိမ်မြောက် အောင်ဘာလေထီနဲ့အတူ အောင်ဘာလေအွန်လိုင်းထီဖွင့်ပွဲကို ပူးတွဲကျင်းပမှာဖြစ်ပါတယ်။ ထီဆုငွေခွဲဝေမှုအစီအစဉ်အနေနဲ့က အောင်ဘာလေထီနဲ့ အောင်ဘာလေအွန်လိုင်းထီလက်မှတ်ရောင်းရငွေစုစုပေါင်းရဲ့ ၇၀ ရာခိုင်နှုန်းကို ဆုမဲအဖြစ် ပြန်လည်ချီးမြှင့်မှာဖြစ်ပါတယ်။ အမြင့်ဆုံးဆုငွေ ကျပ်သိန်း ၅၀၀၀ (သိန်းငါးထောင်)ဖြစ်ပြီး အနိမ့်ဆုံးက ကျပ် ၁၀၀၀၀ (တစ်သောင်းကျပ်) သတ်မှတ်ထားပါတယ်။ အောင်ဘာလေအွန်လိုင်းထီအတွက် ထီဆုငွေထုတ်ပေးမယ့် အစီအစဉ်က ကျပ် ၁၀ သိန်းနဲ့အောက် ထီဆုငွေတွေ ထုတ်ပေးရာမှာ အွန်လိုင်းထီကံစမ်းစဉ်က ကံထူးရှင်ရွေးချယ်အသုံးပြုခဲ့တဲ့ Pay ကို တိုက်ရိုက်လွှဲပြောင်းထုတ်ပေးမှာ ဖြစ်ပါတယ်။

ကံထူးရှင်က KBZ Pay နဲ့ ထီထိုးကံစမ်းခဲ့ရင် KBZ Pay၊ AYA Pay နဲ့ထီထိုးကံစမ်းခဲ့ရင် AYA Pay၊ အခြား Pay တွေဆိုရင်လည်း ဒီ Pay အတိုင်း လွှဲပြောင်းထုတ်ပေးမှာဖြစ်ပါတယ်။ အွန်လိုင်းထီအတွက် ငွေကျပ် ၁၀ သိန်းအထက် ထီဆုငွေတွေကို အောင်ဘာလေသိန်းဆုဌာနခွဲ ရန်ကုန်နဲ့ မန္တလေးရုံးခွဲတွေမှာ လက်ရှိဆောင်ရွက်နေတဲ့ အောင်ဘာလေထီဆုငွေ ထုတ်ပေးတဲ့လုပ်ငန်းစဉ်အတိုင်း ထုတ်ပေးသွားမှာဖြစ်ပါတယ်။

အွန်လိုင်းထီပေါက်ခဲ့ရင် ထီပေါက်ကြောင်းကို Application မှာပါဝင်တဲ့ ကျွန်ုပ်၏ ထီလက်မှတ်ကဏ္ဍမှာပါဝင်တဲ့ (ထီပေါက်ပါသည် ခေါင်းစဉ်အောက်)မှာ ဖော်ပြထားမှာဖြစ်သလို ထီကံထူးရှင်ထံ SMS စာတိုပေးပို့ပြီး အသိပေးအကြောင်းကြားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ထီကံထူးရှင်ထံ ထီဆုငွေထုတ်ယူဖို့ လျှို့ဝှက်ကုတ်ပါဝင်တဲ့ SMS ကို ထပ်မံပေးပို့မှာဖြစ်ပါတယ်။ ထီကံထူးရှင်က ပေးပို့ခဲ့တဲ့ လျှို့ဝှက်ကုတ်နံပါတ်ကို အသုံးပြုပြီး Application ကတစ်ဆင့် ထီဆုငွေကို လျှောက်ထားဖို့လိုအပ်ပါတယ်။ ထီဆုငွေတွေကို အကြိမ်အလိုက် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ကြေညာတဲ့နေ့ကနေ တစ်နှစ်အတွင်း တောင်းခံနိုင်တယ်ဆိုတာ အသိပေးပြောကြားလိုပါတယ်။

မေး။ ။ ဖြည့်စွက် ပြောကြားလိုတာရှိရင် ပြောကြားပေးပါ။

ဖြေ။ ။ အောင်ဘာလေ အွန်လိုင်းထီကံစမ်းနိုင်ဖို့ Application ရယူနိုင်တဲ့ Link နဲ့ QR Code တွေကို နိုင်ငံပိုင်သတင်းစာတွေ၊ မြဝတီသတင်းစာနဲ့ ပြည်တွင်းအခွန်များဦးစီးဌာနရဲ့ Website တွေမှာ ဖော်ပြပေးထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် Android ဖုန်းနဲ့ iOS ဖုန်းတွေမှာ Install ပြုလုပ်ပုံအဆင့်ဆင့်ကို ဌာနရဲ့ Website မှာ Video Clip တွေနဲ့ လွှင့်တင်ပေးထားတဲ့အပြင် သတင်းစာတွေမှာလည်း ဖော်ပြပေးထားပါတယ်။

Aung Bar Lay Application မှာ Account ဖွင့်လှစ်ပုံကို ဌာနရဲ့ Website မှာ Video Clip နဲ့လွှင့်တင်ပေးထားသလို နိုင်ငံပိုင်ရုပ်သံလွှင့်မီဒီယာတွေမှာလည်း ထုတ်လွှင့်ပြသပေးလျက်ရှိပါတယ်။ စနစ်ကနေ ထီလက်မှတ်ဝယ်ယူမှုအတွက် ပထမအဆင့်အနေနဲ့ Application အသုံးပြုသူတွေအတွက် KBZ Pay၊ AYA Pay၊ CB Pay၊ uab Pay၊ Mytel Pay တို့နဲ့ ငွေပေးချေနိုင်ဖို့ ဆောင်ရွက်ထားပြီး Website အသုံးပြုသူတွေအတွက် Mytel Pay၊ uab Pay တို့နဲ့ ငွေပေးချေနိုင်ဖို့ ဆောင်ရွက်ထားပါတယ်။ အခြားအီလက်ထရွန်နစ် ငွေပေးချေမှုတွေကို တိုးချဲ့အသုံးပြုနိုင်ဖို့အတွက်လည်း Service Provider က ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

အောင်ဘာလေ Application မှာ အကောင့်ဖွင့်ခြင်းကို MPT၊ Mytel၊ ATOM၊ Ooredoo အော်ပရေတာ လေးမျိုးနဲ့ ဆောင်ရွက်နိုင်ပါတယ်။ ပြည်ပနိုင်ငံရောက် မြန်မာ SIM Card အသုံးပြုသူတွေအနေနဲ့ Install ပြုလုပ်လို့ရသလို လက်ရှိကာလမှာ KBZ Pay နဲ့ ပြည်ပက ထီထိုးသူတွေရှိတယ်လို့လည်း သိရှိရပါတယ်။

အောင်ဘာလေ အွန်လိုင်းသိန်းဆုထီနဲ့ ပတ်သက်ပြီး အသေးစိတ်သိရှိလိုပါက Applicationရဲ့ စည်းကမ်းချက်များကဏ္ဍနဲ့ အမေးအဖြေကဏ္ဍတွေမှာ ဝင်ရောက်လေ့လာနိုင်ပါတယ်။ Application အသုံးပြုရာမှာ အခက်အခဲတစ်စုံတစ်ရာကြုံတွေ့ရရင်လည်း Hotline No. ၀၉၆၇၇၀၀၀၇၇၇ (Mytel Hotline No. ၇၇၇) ၊ email လိပ်စာ abl@support.com.mm ကို ဆက်သွယ် စုံစမ်းနိုင်ပါတယ်လို့ အသိပေးပြောကြားလိုပါတယ်။ ။

■

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၅

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မောင်တောမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ပဲရုံကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ရေချမ်းပြင်ကျေးရွာ၌ လမ်းဘေးဝဲ/ယာရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ မြို့မရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ လေယာဉ်/ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

နေပြည်တော် ဇွန် ၁၅

တပ်မတော်(လေ)အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် ဆန်၊ ကြက်သွန်ဖြူ၊ ငါးသေတ္တာ၊ လက်ဖက်/အကြော်စုံ၊ဟင်းသီးဟင်းရွက်စသည့်စားသောက်ကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများနှင့် ဆေးပစ္စည်း ၇ ဒသမ ၄ တန်တို့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၃၂ ဒသမ ၁ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်း ၃၃၃၇ ဦးတို့အား ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများအား မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် အဆိုပါတပ်မတော်လေယာဉ်/ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သိရသည်။

သတင်းစဉ်




**✳ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ**

အဆိုပါ ပွဲစဉ်များကို ဇွန် ၁၆ ရက်နှင့် ၁၉ ရက်တွင် ညနေ ၅ နာရီ၌ စတင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းနေ့ညနေ ၄ နာရီ ၄၅ မိနစ်မှစတင်၍ တိုက်ရိုက်(Live) ထုတ်လွှင့်ခြင်းကို ဇွန် ၁၆ ရက်တွင် MRTV Sports Channel မှလည်းကောင်း၊ ဇွန် ၁၉ ရက်တွင် MRTV Sports Channel၊ MRTV Farmers' Channel၊ MRTV Parliament Channel တို့မှလည်းကောင်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**❂ မိုခါရန်ပုံငွေမှ**

ထိုသို့ကျင်းပမှုများကို ဇွန် ၁၆ ရက် မွန်းလွဲ ၃ နာရီမှစတင်၍ ရုပ်ရှင်ဘောလုံးအသင်း Movie FC နှင့် Forever FC ဘောလုံးအသင်းတို့ကလည်းကောင်း၊ ညွန့်ပေါင်းဘောလုံးအသင်း Old Star FC နှင့် ဂီတဘောလုံးအသင်း Music FC တို့ကလည်းကောင်း ပရိသတ်မပါဘဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**ဆက်လက်ယှဉ်ပြိုင်ကြမည်**

ဇွန် ၁၇ ရက်တွင် မွန်းလွဲ ၂ နာရီမှစတင်၍ နိုင်ငံကျော်အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး မွန်းလွဲ ၃ နာရီတွင် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲတို့ကို ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အားလပ်ချိန်များတွင်လည်း အနုပညာရှင်များက ဖျော်ဖြေကြမည်ဖြစ်သည်။

အဆိုပါ မိုခါရန်ပုံငွေ ဘောလုံးပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို ဇွန် ၁၆ ရက်တွင် မွန်းလွဲ ၃ နာရီမှစတင်၍ ပထမပွဲစဉ်ကို MRTV Parliament Channel၊ MRTV Farmers' Channel၊ MRTV Sports Channel များမှ လည်းကောင်း၊ ဒုတိယပွဲစဉ်ကို MRTV Parliament Channel၊ MRTV Farmers' Channel များမှ လည်းကောင်း၊ ပွဲစဉ်နှစ်ပွဲလုံးကို Readers' Channel နှင့် Skynet Sports Channel တို့မှလည်းကောင်း၊ ဇွန် ၁၇ ရက်တွင် အဆိုပါChannel ငါးခုမှလည်းကောင်း တိုက်ရိုက်(Live) ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)ထူပါရုံ၊ ထူပါရုံ(၁)လမ်း၊ မြေကွက်အမှတ်(၁၁၃၆/ခ)၊ အကျယ်(၂၀ပေx ၆၀ပေ)ရှိ ဒေါ်မြခင်အမည်ပေါက်ဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ နှစ်(၆၀)မြေငှားရန်ထွက်ရှိထားသော မြေနှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တစ်ဆင့်ပြန်လည်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မီမီချို [၁၂/သဃက (နိုင်)၀၀၀၉၁၈] မှ ၎င်းအမှန်တကယ် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုလျက် ရောင်းချလာခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးမင်းထွဋ် [၁၀/မဒန(နိုင်)၁၁၇၅၈၂] မှ စရန်ငွေ တစ်စိတ်တစ်ဒေသအားပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းပစ္စည်းမြေအိမ်၏ ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူ မရှိပါက ဤမြေနှင့်အိမ် အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးပြတ်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးမင်းထွဋ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမာထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ၊(စဉ်-၈၉၉၈)**
**ဖုန်း-09-442912297**

## ဦးခင်မောင်သန်း (ခ) အဗ်ဒွလ္လာဟ် (ဘ) ဦးအမာနသွလ္လာဟ် သိစေရန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်မာ(၁၂)လမ်း၊ အမှတ်(၅၁၈/မြေညီထပ်)နေ ဒေါ်ခင်အေး(ခ)ဟာစနဟ်ဘေဂွမ်[၁၂/သကတ(နိုင်)၂၂၈၅၂၂]ကိုင်ဆောင်သူမှ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)၌ အိမ်ထောင်ရေးကိစ္စနှင့်စပ်လျဉ်း၍ တိုင်ကြားလျှောက်ထားလာပါသဖြင့် လျှောက်ထားခြင်းခံရသူ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့ဘွေးကျေးရွာနေ ဦးခင်မောင်သန်း(ခ)အဗ်ဒွလ္လာဟ် အနေဖြင့် လာရောက်ဖြေရှင်းနိုင်ရန်အတွက် အောက်ပါအတိုင်း ဆင့်ခေါ်ဖိတ်ကြား ချိန်းဆိုအပ်ပါသည် -

| | | |
|---|---|---|
| တွေ့ဆုံရမည့်နေ့ရက် | - | (၂၇-၆-၂၀၂၃)(အင်္ဂါနေ့) |
| တွေ့ဆုံရမည့်အချိန် | - | မွန်းလွဲ (၂)နာရီ တိတိ။ |
| တွေ့ဆုံရမည့်နေရာ | - | အမှတ်(၁၀/၁၂)၊ ဗိုလ်တထောင် လမ်းသွယ်(၁)၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

**ဦးကျော်ကျော်(ခ)ဦးခင်ထွန်း**
**အထွေထွေအတွင်းရေးမှူးချုပ်**
**အစိုးရအသိအမှတ်ပြုအမိန့်စာအစစ်ရှိ**
**မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)**
**Ph:09-456662226**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ ဖွဲ့ကပင်(၂)လမ်း၊ အမှတ်(၆၀၆/ခ)၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ) မြေကွက်နှင့်ပတ်သက်၍ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင် (၁၃)ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ်(၁၉)နေ ဦးဝေဖြိုးအောင်[၁၂/သကတ(နိုင်)၂၀၀၂၆၃]၏ လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည် -

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ ဖွဲ့ကပင်(၂)လမ်း၊ အမှတ်(၆၀၆/ခ)၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)၊ ဦးရဲမြင့်စိန်အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်ကို လက်ရှိထားပိုင်ဆိုင်ကာ ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိသော ဦးမောင်တင်[၇/ဖမန(နိုင်)၀၀၆၆၀၅]၊ ဒေါ်ချိုချိုသန်း [၁၂/ကမတ(နိုင်)၀၆၄၂၇၃]၊ ဒေါ်အေးဝင်း [၁၂/ဥကတ(နိုင်)၀၉၅၃၇၃]၊ ဦးတင်နိုင်ထွန်း [၁၂/ကမတ(နိုင်)၀၅၈၀၁၉]တို့မှ ရောင်းချရန်ကမ်းလှမ်းလာရာ ဦးဝေဖြိုးအောင်မှ ဝယ်ယူ ရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဝေဖြိုးအောင်** | **ဒေါ်ချိုချိုလွင် (LL.B), (D.I.L)** |
| **[၁၂/သကတ(နိုင်)၂၀၀၂၆၃]** | **DL.101(WIPO SWITZERLAND)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၁၃)** |
| | **အမှတ်(၂၄၅)၊ပထမထပ်၊မင်္ဂလာလမ်း၊** |
| | **(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊** |
| | **ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၅၃၀၂၁၅၄** |

## အမည်(၂)မျိုးဖြင့်လူတစ်ဦးတည်းဖြစ်ကြောင်း

ကျွန်မ ဒေါ်နှင်းလဲ့လဲ့ဝေ [၁၂/ပဘတ(နိုင်)၀၃၆၅၀၄]၏ သန်းခေါင်စာရင်းမူရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းတို့တွင် ကျွန်မ၏ အမည်ကို ဆာဂျေဒါ(ခ)နှင်းလဲ့လဲ့ဝေဟုဖော်ပြထားပြီး ဥပဒေဘွဲ့မူရင်းနှင့်ဆယ်တန်းအောင်လက်မှတ်မူရင်းတို့တွင် နှင်းလဲ့လဲ့ဝေဟု ဖော်ပြထား၍ အမည်(၂)မျိုးဖြင့်သော်လည်း လူတစ်ဦးတည်းသာဖြစ်ပါသည်။

**ဆာဂျေဒါ(ခ)ဒေါ်နှင်းလဲ့လဲ့ဝေ[၁၂/ပဘတ(နိုင်) ၀၃၆၅၀၄]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/B၊ မြေကွက်အမှတ်-၇၆၊ ဧရိယာ(၀.၄၇၇)ဧက၊ မြေကွက်တည်နေရာအမှတ်-၇၆/၅၊ ငုဝါလမ်း၊ ပုလဲ(၁)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ဦးရဲမြင့်အမည်ပေါက်နှစ်(၆၀)မြေငှား ဂရန်မြေအား အမည်ပေါက်(ဖခင်)ဦးရဲမြင့်သည်(၁၄-၄-၂၀၁၉)ရက်နေ့တွင်လည်းကောင်း၊ (မိခင်)ဒေါ်သန်းငွေးသည်(၁၄-၄-၂၀၁၂)ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်သွားကြပါသဖြင့်ဦးထွန်းထွန်းဦး[၁၂/ဒဂန(နိုင်)၀၀၈၄၆၆]၊ ဒေါ်ခိုင်ခိုင်ညိမ်း [၁၂/ဒဂန(နိုင်)၀၀၀၉၁၀]တို့မှ သားသမီးများ ဖြစ်ကြောင်း၊ အခြားသောမွေးချင်းများနှင့် ကိတ္တိမသားသမီးများလည်းမွေးစားထားခဲ့ခြင်းမရှိကြောင်း ဗိုလ်တထောင်မြို့နယ်တရားရုံး၏ ၁၃-၁၂-၂၀၂၂ရက်စွဲပါကျမ်းကျိန်လွှာအမှတ်-၆၆၃/၂၀၂၂၊အသိသက်သေ(၂)ဦး၏ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးရဲမြင့်နှင့် ဒေါ်သန်းငွေးတို့၏သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့ဖြင့် အစ်ကိုဖြစ်သူ ဦးထွန်းထွန်းဦးထံမှအထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်-၂၀၉၈၀/၂၂(၉-၁၁-၂၀၂၂)ဖြင့် GPရရှိထားကြောင်းကိုယ်တိုင်နှင့် GPရသူဒေါ်ခိုင်ခိုင်ညိမ်းမှ အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်း ခြင်းမရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲသူသက်ရှိထင်ရှားရှိကြောင်းဗိုလ်တထောင် မြို့နယ်တရားရုံး၏(၁၉-၁၂-၂၀၂၂)ရက်စွဲပါကျမ်းကျိန်လွှာအမှတ်-၁၀၄၁/၂၀၂၂တို့တင်ပြ၍ပိုင်ဆိုင်စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင်တို့ကိုလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်း ရပ်ကွက်အမှတ်-၆/မြို့မရပ်၊ ဇဝနဒီပ ရပ်ကွက်မှ မြေဧရိယာ(၀.၁၁၀)ဧကရှိ ဦးစောမင်း[၁၂/ဥကတ(နိုင်)၀၂၅၂၇၆] အဖအမည် ဦးအုံးအမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၀၈၂၁)ကို ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲစာ အမှတ်၁၉၅၄၉/၂၀၂၂ (၂၀-၁၀-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးအောင်ဖြိုးကျော် [၉/ပဗသ(နိုင်) ၀၁၆၄၂၇]၊ အဖအမည် ဦးသိန်းထွန်းမှ ဒေါ်ဖြိုးစန္ဒီမွန်[၆/ရဖန(နိုင်)၀၆၈၆၆၀] နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်း များ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများ နှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိ၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ(၀.၁၆၃)ဧက၊ မြေကွက်အမှတ်(ဥ-၆၃၉၈)၊ Original Group Co., Ltd အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးကြည်ဇော် [၁၂/မဂတ(နိုင်)၀၃၁၈၇၇](ဘ)ဦးသန်းအောင်မှ နေပြည်တော်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူး/အထွေထွေ ကိုယ်စားလှယ်လွှဲစာ အမှတ်- ၁၁၉၉/ ၂၀၂၁ (၁၄-၉-၂၀၂၁) တင်ပြ၍ ဒေါ်မိုးသီတာ [၅/အတန(နိုင်) ၀၀၀၉၃၇] (ဘ) ဦးဘိုးသောင်းအမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၆-၂၀၂၃ရက်နေ့ ကြေးမုံ သတင်းစာ၏စာမျက်နှာကြော်ငြာ (၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၆)GPဒေါ်မူမူမြင့်၏ အမည်ပြောင်းတွင်မြေအမည်ပေါက် ဦးစံလှမောင်အစားဒေါ်တင်နွဲ့+၁ဟု အမှန်ဖတ်ရှုပါရန်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## သာသနာရေးဦးစီးဌာန
## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် ကမ္ဘာအေးကုန်းမြေ၌ ရေဂါလန် ၅၀၀၀၀ဆံ့ရေတိုင်ကီနှင့်ရေစင်အသစ် တည်ဆောက်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်နေရာ | - | ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်(ရုံးခွဲ)။ ငွေစာရင်းဌာနစု၊ သာသနာရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်။ |
| တင်ဒါပုံစံရောင်းချမည့် နေ့ရက်/အချိန် | - | ၁၆-၆-၂၀၂၃ ရက်နေ့မှ ၂၉-၆-၂၀၂၃ရက်နေ့ထိ (၉:၃၀နာရီမှ ၁၆:၀၀နာရီအထိ) |
| တင်ဒါလျှောက်လွှာတင်သွင်း ရမည့်နေ့ရက်/အချိန် | - | ၃၀-၆-၂၀၂၃ရက်နေ့မှ ၃-၇-၂၀၂၃ ရက်နေ့အထိ (၉:၃၀ နာရီမှ ၁၆:၀၀ နာရီထိ) |
| တင်ဒါဖွင့်မည့်နေ့ရက်/အချိန် | - | အကြောင်းကြားဆက်သွယ်ပါမည်။ |
| တင်ဒါတင်သွင်းမည့်နေရာနှင့် ဖွင့်မည့်နေရာ | - | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊သာသနာရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်။ |

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သာသနာရေးဦးစီးဌာန၊နေပြည်တော် (ဖုန်း-၀၆၇-၄၀၆၀၄၇) ရန်ကုန်(ရုံးခွဲ)၊ ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ(ဖုန်း-၀၁-၆၆၀၈၃၅၊ ၀၉-၅၀၅၈၆၁၀)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## သူရဆွစ်ဟီးလီးယော့စ်ကုမ္ပဏီလီမိတက် (ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အပြီးသတ်နောက်ဆုံးအစည်းအဝေး နှိုးဆော်ဖိတ်ကြားခြင်း

သူရဆွစ်ဟီးလီးယော့စ်ကုမ္ပဏီလီမိတက် (ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)အနေဖြင့် ၎င်း၏စီးပွားရေးလုပ်ငန်းများကို ကာလရှည်ကြာဆိုင်းငံ့ထားမှုကြောင့် ကုမ္ပဏီအား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပါသည်။ သူရဆွစ်ဟီးလီး ယော့စ်ကုမ္ပဏီလီမိတက် (ကုမ္ပဏီတွင် ပါဝင်သူများ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများကို အစုရှင်ထံတင်ပြကာ အတည်ပြုချက်ရယူပြီး ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းခြင်းကို လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၂၁၁အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ . ၎င်းအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များအားလုံးသို့ ကျင်းပမည့်နေ့ရက်ထက် တစ်လကြိုတင်ပြီး ၁၉-၅-၂၀၂၃ ရက်နေ့တွင် ဖိတ်ကြားစာပေးပို့ပြီးဖြစ်သဖြင့် သက်ဆိုင်သူ/အစုရှင်များအားလုံး မပျက်မကွက် တက်ရောက်ပေးနိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် ။ | ။ | ၂၀၂၃ခုနှစ်၊ ဇွန်လ (၂၁)ရက်။ |
| ကျင်းပမည့်အချိန် ။ | ။ | နံနက်(၁၀:၀၀)နာရီ။ |
| ကျင်းပမည့်နေရာ ။ | ။ | ရွှေဟသ်ာကွန်ဒို(ဘီ)၊ အခန်း(၃၀၇)၊ (၆)မိုင်ခွဲပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။ |

**ဒေါ်စန်းတင့် (B.A (Law), LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၂၀)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**(မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်း၏ အဖွဲ့ဝင်အမှတ်-၀၀၁၆၂)**
**အမှတ်(၅၈၈)၊ ယုဇနလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၉၆၃၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဉာဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁-က/ဥတ္တရသီရိ တောင်ရပ်)၊ မြေကွက်အမှတ် (ဥ-၅၇၇၈)၊ ဧရိယာ (၀.၂၂၉) ဧကရှိ ဦးစည်သူအေးအောင်(ဘ) ဦးသာအေး [၁၂/ကမရ(နိုင်) ၀၅၁၆၉၀] အမည်ပေါက် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ခင်ပွန်းဖြစ်သူ ကွယ်လွန်ပြီးနောက်မြန်မာ့ ဓလေ့ထုံးတမ်းဥပဒေအရ ဆက်ခံပိုင်ဆိုင်သူ ဇနီးဖြစ်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော မြေပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့ ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းဝေစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၅၆/၂၀)**
**ပိတောက်လမ်း၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။**
**ဖုန်း - ၀၉၉၆၆၅၈၅၀၅၀**

# ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ




aungbarlay.ird.gov.mm အောင်ဘာလေ အွန်လိုင်း သိန်းဆု ထီစနစ် Application ကို Download ပြုလုပ်ရန် QR ကို Scan ဖတ်ပါ။

## အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း(မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော လမ်းခင်းပစ္စည်း(Ready Mix Concrete) အား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ လိုအပ်သည့် လမ်းခင်းပစ္စည်း အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ နေပြည်တော်(စီလမ်းဆုံ)တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| (က) | လျှောက်လွှာစတင် ရောင်းချမည့်နေ့ | - (၃၀-၆-၂၀၂၃)ရက်၊(သောကြာနေ့) |
| (ခ) | တင်ဒါလျှောက်လွှာပိတ်ရက် | - (၁၃-၇-၂၀၂၃ )ရက်၊ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၃၀ နာရီ |
| (ဂ) | တင်ဒါဖွင့်မည့်ရက် | - (၁၄-၇-၂၀၂၃)ရက်၊(သောကြာနေ့) နံနက်(၁၀:၀၀)နာရီ |
| (ဃ) | တင်ဒါဖွင့်မည့်နေရာ | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အမြန်လမ်းမကြီးထိန်းသိမ်း ပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ နေပြည်တော်(စီလမ်းဆုံ) |

**တင်ဒါစိစစ်ရေးကော်မတီ**
**ဖုန်း - ၀၉-၂၅၀၉၀၂၀၀၄**

## " အများသိစေရန်ကြေညာခြင်း "

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ အမှတ်(၄၂၉/၃ ဘီ)တွင်ဖွင့်လှစ်ထားသော (ယခင် Successful King Services Co.,Ltd) ယခု (Gaint Turnip Ship Services (GTS)Co.,Ltd) ကိုယ်စား ဒါရိုက်တာဖြစ်သူ ဦးမင်းခန့်လင်း (နိုင်ငံသားစိစစ်ရေးကတ်အမှတ်-[၁၂/အလန (နိုင်) ၀၄၅၇၄၈] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

၁။ Successful King Services Co.,Ltd. ၏ ယခင်ဒါရိုက်တာများဖြစ်သူ ဦးမြစိန် [၁၂/ဒပန(နိုင်)၀၁၅၆၂၉]နှင့် ဦးမောင်မောင်မျိုးမြင့် [၁၄/ဘကလ(နိုင်) ၀၆၉၉၃၃] တို့သည် ၎င်းတို့၏သဘောဆန္ဒအရ(၄-၁၁-၂၀၂၁)ရက်နေ့တွင် ကုမ္ပဏီမှ နုတ်ထွက်ခဲ့ကြပြီး (၂၆-၁၁-၂၀၂၁) ရက်နေ့တွင် ၎င်းဒါရိုက်တာများ နုတ်ထွက်ကြောင်းကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြ၍ ဒါရိုက်တာစာရင်းမှ တရားဝင်နုတ်ထွက်စေခဲ့ပြီးဖြစ်ပါသည်။

၂။ ထို့အပြင် Successful King Services Co.,Ltd ၏ ယခင်ဒါရိုက်တာဖြစ်သူ ဦးကိုကိုဝင်း [၁၂/ဗဟန(နိုင်)၀၃၆၈၁၉] အနေဖြင့် (၂၁-၁၁-၂၀၂၂)ရက်နေ့ ဒါရိုက်တာအစည်းအဝေးတွင် မိမိသဘောဆန္ဒအရ နုတ်ထွက်ခွင့်ပြုပါရန် တင်ပြလာသောကြောင့် ဒါရိုက်တာများအားလုံး၏ သဘောတူညီချက်အရ (၂၅-၁၁-၂၀၂၂)ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြ၍ ဒါရိုက်တာစာရင်းမှ တရားဝင်နုတ်ထွက်စေခဲ့ပြီးဖြစ်ပါသည်။

